ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ အင်္ဂါနေ့ (5-11-2013) (၇၆၅၅)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် ညအပူချိန်များ

ဟားခါး
၂ ဒီဂရီစင်တီဂရိတ်

လွိုင်လင်
၆ ဒီဂရီစင်တီဂရိတ်

ပြင်ဦးလွင်
၈ ဒီဂရီစင်တီဂရိတ်

ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှသာ စဉ်ဆက်မပြတ် အသုံးပြုနိုင်မည်

နေပြည်တော် နိုဝင်ဘာ ၄

ရေကို ကဏ္ဍစုံအသုံးပြုမှုများတွင် မျှတမှုရှိစေရေး၊ ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် ပြည်သူလူထုဘဝအရည်အသွေးမြင့်မားလာခြင်း၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်း စသည့်အကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်မှာဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၁၃) အစည်းအဝေးတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ

ကလေး နိုဝင်ဘာ ၄

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းသည် အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမဖြစ်သော ကလေး- တမူးလမ်းဘေးရှိ ရာဇဂြိုဟ်ကျေးရွာ၏မြောက်ဘက် တစ်မိုင်ခန့်အကွာတွင်တည်ရှိပြီး နေရဉ္စရာမြစ်ပေါ်၌ တည်ဆောက်ထားသည့် ရေလှောင်တမံဖြစ်သည်။ **(ဝဲပုံ)**

အဆိုပါ ရေလှောင်တမံစီမံကိန်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ပြီး ယခုအချိန်တွင် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းမှာ ၇၉ ဒသမ ၅၄ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းသည် ၈၆ ဒသမ ၁၀ ရာခိုင်နှုန်းပြီးစီးကာ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၅ ဒသမ ၁၃ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းပြီးစီးပါက လယ်မြေဧက ၈၅၀၀ ကိုရေအပြည့်အဝပေးဝေနိုင်မည်ဖြစ်ပြီး အဆိုပါ ရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာ

စာမျက်နှာ ၃ ကော်လံ ၆ သို့ ❖

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့ နံနက် ၁၀ နာရီ ၀၀ မိနစ် ၁၆ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၆၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပိုရှစ်မျက်နှာ ပါရှိပါသည်။

ကြေးမုံစာတည်းရှုထောင့် ၅-၁၁-၂၀၁၃ [အင်္ဂါနေ့]

အစဉ် အသင့်

"အစဉ် အသင့်"ဟူသော စာသားသည် ကင်းထောက်လူငယ်လေးများ သီဆိုလေ့ရှိသော သီချင်းစာသားဖြစ်သည်။ မြန်မာနိုင်ငံမှ ကင်းထောက်များ သာမက နိုင်ငံတကာမှ ကင်းထောက်များ၏ ဆောင်ပုဒ်မှာလည်း "အစဉ် အသင့်"ဟူ၍ ဖြစ်ပါသည်။

ထိုသီချင်းစာသားနှင့်အညီ ကင်းထောက်လူငယ်လေးများသည် အများ အကျိုးအတွက် "အစဉ်အသင့်" တက်တက်ကြွကြွဆောင်ရွက်လေ့ရှိပါသည်။ မိမိတို့ဒေသအတွင်း မည်သည့်အရေးပေါ်ကိစ္စ တာဝန်ကိုမဆို ဖြတ်ထိုးဉာဏ် ဖြင့် လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်တတ်ကြပါသည်။

ကင်းထောက်တို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အား ချစ်ခင်မြတ်နိုးစွာ ဖြင့် သစ္စာစောင့်သိ ရိုသေတတ်ကြသည်။ ထို့အပြင် လက်ရွေးစင်အဆင့် ကင်းထောက်ဆိုလျှင် မိမိကိုယ်ကို အားကိုးနိုင်ရုံမျှမက လူမှုကိစ္စရပ်များတွင် ကျွမ်းကျင်မှုရှိသည့်အပြင် အခြားသူများအတွက်ပါ အသုံးကျသော နိုင်ငံသား ကောင်းတစ်ဦးဖြစ်လာစေရန် ကြိုးပမ်းအားထုတ်သည်။

ထို့ကြောင့် ကင်းထောက်ဟူသည်မှာ စစ်သဘောမပါ၊ နိုင်ငံရေးမစွက်၊ လူမှုဝန်ထမ်းလုပ်ငန်းသက်သက်ကိုသာ ဆောင်ရွက်ကြသော တာဝန်သိသည့် နိုင်ငံ့သားကောင်းများဟုဆိုခြင်းဖြစ်သည်။ ထိုကဲ့သို့ မွန်မြတ်သော ကင်းထောက် အဖွဲ့ကို မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ခဲ့ဖူးသော်လည်း အကြောင်း အမျိုးမျိုးကြောင့် ၁၉၆၄ ခုနှစ်တွင် ပျောက်ကွယ်သွားခဲ့သည်။

ပျောက်ကွယ်သွားခဲ့သော ကင်းထောက်အသင်းကြီးနှင့် ကင်းထောက် လူငယ်မောင်မယ်များ၏ လူမှုရေးလုပ်ငန်းများကို ဒီမိုကရေစီအစိုးရသစ် လက်ထက်တွင် ပြန်လည်ဖွဲ့စည်းအကောင်အထည်ဖော်လျက်ရှိနေသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ယနေ့ကာလအထိ နိုင်ငံတော်၏အားပေးကူညီမှုဖြင့် ကင်းထောက်အဖွဲ့ဝင်ဦးရေ အမျိုးသား ၁၀၀၀ နှင့် အမျိုးသမီး ၁၀၀၀ စုစုပေါင်း အဖွဲ့ဝင် ၂၀၀၀ ဖွဲ့စည်းပြီးဖြစ်သည်။ ဆက်လက်၍ ကင်းထောက်လူငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အမျိုးသား/အမျိုးသမီး ကင်းထောက်ဥပဒေ များပြီးစီးရေးနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့တွင် ပြန်လည်အသိအမှတ်ပြုရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု သိရ သည်။

ယခုလက်ရှိတွင် ကင်းထောက်လူငယ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်က အလေးထားမြှင့်တင်ဖော်ဆောင်ပေးနေချိန်ဖြစ်သည်။ နောင် တစ်ချိန် ကင်းထောက်လူငယ်အဖွဲ့အစည်းများ ခိုင်မာအားကောင်းစွာ ပေါ်ထွန်း လာသောအခါ မိမိအကျိုး၊ မိမိအဖွဲ့အစည်းအကျိုး၊ အများအကျိုးတို့ကို သယ်ပိုးဆောင်ရွက်ကြမည်ဖြစ်သည်။

ကင်းထောက်အဖွဲ့အစည်းတစ်ခု ရေရှည်ခိုင်မာစွာ ရပ်တည်နိုင်ရန် အတွက် နိုင်ငံတော်ကိုချည်း အားကိုးနေ၍မရဘဲ ကိုယ့်ခွန်ကိုယ့်အားဖြင့် ရန်ပုံငွေထူထောင်ရပ်တည်ကြရသည်ဟုမှတ်သားဖူးသည်။ ကင်းထောက် အဖွဲ့ရန်ပုံငွေအတွက် အလုပ်တစ်ခု ငွေတစ်ကျပ်နည်းဖြင့် ရှာဖွေကြသည်ဟု သိရသည်။

ကင်းထောက်အဖွဲ့တွင်ပါဝင်ကြမည့် လူငယ်မောင်မယ်များသည် သစ္စာ ရှိကြသည်။ ရိုးသားဖြောင့်မတ်ကြသည်။ မိမိတို့၏ဆွေဂုဏ်၊ မျိုးဂုဏ် မာန်မတက်ဘဲ အလွန်နှိမ့်ချတတ်သော လူငယ်လေးများဖြစ်သည်။ သူတစ်ပါး အား အကျိုးပြုလိုစိတ်တဖွားဖွားဖြစ်နေသူများ ဖြစ်ကြသည်။

မည်သည့်အလုပ်ကိုမဆို မွန်မြတ်ကြသည်ဟု ခံယူတတ်ကြသော ကင်းထောက်လူငယ်မောင်မယ်များသည် ရပ်အကျိုး၊ ရွာအကျိုးတို့ကို ဆောင် ရွက်ပေးကြမည့်သူများဖြစ်ရာ မိဘပြည်သူများကလည်း ဝိုင်းဝန်းကူညီအားပေး ကြရမည်ဖြစ်သည်။

ကင်းထောက်အဖွဲ့အစည်းတွင် အတတ်ပညာ၊ နည်းပညာ စူးစမ်းရှာဖွေ လေ့လာခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ စည်းကမ်းရှိခြင်း၊ ကိုယ်ချင်းစာနာကူညီ ရိုင်းပင်းတတ်ခြင်းနှင့် ကိုယ်ကျင့်တရားကောင်းခြင်းတို့ကိုလည်း အစဉ်အမြဲ သင်ကြားပေးမည်ဖြစ်သည်။ ထိုသို့ရည်ရွယ်ချက်ကောင်းမွန်သည့် ကင်းထောက် အဖွဲ့အစည်းကြီး ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွန်းလာစေရန်အတွက် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။ ။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်လုပ်ဆောင်

နေပြည်တော် နိုဝင်ဘာ ၄

အသေးစားနှင့် အလတ်စားစီးပွား ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ (၂/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ် ချက်များ အကောင်အထည်ဖော်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ယနေ့ နံနက် ၁၀ နာရီတွင် စက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အမှာစကားပြောကြားရာတွင် ယခု အစည်းအဝေးကို အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန် အဟုန်မြှင့်လုပ်ဆောင်နိုင်ရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း၊ SME Law ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ထို့အပြင် SME Agency အား Independent Agency အဖြစ် တည်ထောင်ရေးကိစ္စအား အလေးပေး အကြံပြု ဆွေးနွေးကြစေလိုကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီအဖွဲ့ဝင်များ မှ လာမည့် ဒီဇင်ဘာလအတွင်း စက်မှုဇုန်များသို့ ကွင်းဆင်းကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေး လေ့လာကြည့်ရှုမည် ဖြစ်ကြောင်း၊ စက်မှုဇုန်ရှိ မြေယာကိစ္စများကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း၊ အစုအဖွဲ့ခေါင်းဆောင်များမှ ထပ်မံ ထည့်သွင်း လျာထားပေးလိုသည့် ပုဂ္ဂိုလ်များရှိပါက အကြံပြုထည့်သွင်း နိုင်ကြောင်း၊ Pro-progress Report ကိုလည်း လာမည့်ဒီဇင်ဘာလ ပထမ ပတ်အတွင်း တင်ပေးစေလိုကြောင်း၊ ဖွဲ့စည်းထားသည့် အစုအဖွဲ့များ အနေဖြင့်လည်း သတ်မှတ်ထားသည့် တာဝန်နှင့် ဝတ္တရားများကို ထပ်မံ၍ တိတိကျကျ သတ်မှတ်ပေးရန်နှင့် သတ်မှတ်ပေးထားသည့် အတိုင်း အကောင်အထည်ဖော်ပြီး Dynamic Result များ ရရှိစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် များ၊ အစုအဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ အစုအဖွဲ့အလိုက် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ချက်များနှင့် ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေ ပိုင်းတွင် နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပလျက်ရှိသည့် ကျေးလက်မီးလင်းရေး အထောက် အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန် ပြပွဲ (၂၀၁၃) နောက်ဆုံးနေ့သို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၅-၁၁-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀	"လူထဲကလူ" တရားတော် [ဘဒ္ဒန္တဥတ္တမပေဟဒ္ဒိ (သာသနဓဇ ဓမ္မာစရိယ)]
၉း၀၅	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၁၀၄)
၆း၁၅	Health Fix
၈း၃၅	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၁၀၅)
၉း၅၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

	ရန်ကုန်	နိုဝင်ဘာ ၄
ရန်ကုန်	ရွှေဈေး	၆၈၅၄၀၀ - ၆၈၆၄၀၀
မန္တလေး	ရွှေဈေး	၆၈၅၂၀၀ - ၆၈၆၂၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂.၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၂.၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၉.၃၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁.၁၄၄
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၆.၁၉
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅.၇၄၁
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၈၄.၉၀
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁.၅၄၇
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၉၂၁.၈၅
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၂.၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

❍ **ရွှေဖုံးမှ**

အဆိုပါအစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကော်မတီဝင်များ၊ ရေဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ရေသည်သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံးသဘာဝအရင်းအမြစ်တစ်ခုဖြစ်ပါကြောင်း၊ ရေစီမံခန့်ခွဲမှု၏ ပင်မဒေါက်တိုင်သုံးခုဖြစ်သော စီးပွားရေးစွမ်းဆောင်ရည်ရှိမှု (Economic Efficiency)၊ မျှတမှု (Equity)နှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှု (Environmental Sustainability) တို့၏ဆက်စပ်မှုကို သိရှိနားလည်သဘောပေါက်ပြီး "ရေ" နှင့် "ရေအရင်းအမြစ်"များအပေါ် ရှုမြင်သုံးသပ်ရာတွင် ပြောင်းလဲမှုရှိရန် လိုအပ်ပါကြောင်း၊ "ရေ"သည် အတိုင်းအတာတစ်ခုအထိ ပြန်လည်ပြည့်မြဲစွမ်းအင်ရှိသော်လည်း အဆိုပါ ပြန်လည်ပြည့်ဖြိုးလာမည့် နှုန်းထားထက်ကျော်လွန်ပြီး ရေအရင်းအမြစ်များကို ဖော်ထုတ်သုံးစွဲ၍ မရပါကြောင်း၊ ထို့ကြောင့် "ရေ"သည် မိမိတို့အားလုံးအတူတူပိုင်ဆိုင်သည့် အကန့်အသတ်ရှိသော သယံဇာတတစ်ခုအဖြစ် ရှုမြင်ရမှာဖြစ်ပါကြောင်း။

မိမိတို့တွင် ရရှိပြီးသော ရေအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန် အလွန်အရေးကြီးပါကြောင်း၊ စဉ်ဆက်မပြတ်သော ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည်သာလျှင် စဉ်ဆက်မပြတ်သော ရေအရင်းအမြစ်ကို အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံလုံး၏ ရေအရင်းအမြစ်များဖော်ထုတ်ပြီး စီမံခန့်ခွဲနိုင်ရန် ရှိပြီးသား ရေအရင်းအမြစ်များအား ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ရေကိုအခြေပြု၍ တရားမျှတသော ရေခွဲဝေမှုစနစ်၊ ပြည်သူအားလုံးပါဝင်နိုင်သော ပွင့်လင်းမြင်သာမှုရှိသည့် ဘက်စုံ ရေစီမံခန့်ခွဲမှုစနစ်တစ်ခုကို မြန်မာနိုင်ငံတွင် ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ရေအရင်းအမြစ်များအားစီမံခန့်ခွဲရာတွင် ရေကိုစနစ်တကျ အကျိုးရှိထိရောက်စွာသုံးနိုင်မှုနှင့် ရေလိုအပ်ချက်အပေါ် စီမံခန့်ခွဲနိုင်မှု၊ အရင်းအမြစ်သစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရှာဖွေဖန်တီးနိုင်မှု၊ မြေအသုံးချမှုနှင့် ရေအရင်းအမြစ်အသုံးချမှုများအား ပေါင်းစပ်ညှိနှိုင်းမှု၊ ရေကိုစီးပွားရေးကိစ္စရပ်များအပေါ် ပင်မရေစီးကြောင်းအဖြစ် အသွင်ပြောင်းနိုင်မှု ဟူသည့် နယ်ပယ်(၄)ခုအပေါ် အခြေခံ၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

တစ်မျိုးသားလုံးအတိုင်းအတာအရ လိုအပ်သည့် ဘက်စုံ ရေအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်၊ အမျိုးသား ရေအရင်းအမြစ်နှင့်ဆိုင်သောမူဝါဒ၊ အမျိုးသား ရေအရင်းအမြစ်ဆိုင်ရာလမ်းညွှန်ချက် အခြေခံမူဘောင်စသည်တို့ကို မိမိတို့ဌာနဆိုင်ရာအလိုက် ညွှန်ကြားဖော်ဆောင်ကြမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများတွင် ထင်သာမြင်သာရှိအောင် ထည့်သွင်းပေးကြဖို့ လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရေအရင်းအမြစ်မူဝါဒအား နိုင်ငံတစ်နိုင်ငံလုံးရှိ လူမှုအသိုက်အဝန်း၏ ပါဝင်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များအား ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များအား မျှတစွာ သုံးစွဲပြီး ထိရောက်သော စီမံခန့်ခွဲမှုများဖြင့် ဆင်းရဲမှုပပျောက်ရေးအား အထောက်အကူပြုစေရန် နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာမှုကို ကာကွယ်ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ လက်ရှိနှင့် အနာဂတ်ကာလမျိုးဆက်များအား လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များအတွက် သင့်တင့်မျှတသောပမာဏနှင့် လုံခြုံစိတ်ချရသော အရည်အသွေးပြည့်မီသည့် ရေရရှိရေးအခွင့်အရေးများရစေရန် ရည်ရွယ်၍ ရေးဆွဲသွားရမှာဖြစ်ပါကြောင်း။

ထို့အပြင် ရေအရင်းအမြစ်များအား စီမံခန့်ခွဲရာတွင် ရေကိုတန်ဖိုးထားရန်၊ ရေကိုရေရှည်အကျိုးရှိရှိသုံးနိုင်ရန်၊ ရေကိုစီမံခန့်ခွဲရေးအတွက် သင့်တော်သော အဖွဲ့အစည်းများဖွဲ့ရန်၊ ရေအရင်းအမြစ်များနှင့် ပတ်သက်သော သတင်းစုဆောင်းဖြန့်ဝေရန်၊ ရေအရင်းအမြစ်များ ထိန်းသိမ်းရာတွင် လူမှုရေး၊ ယဉ်ကျေးမှုစသော ရှုထောင့်မှ ရှုမြင်တတ်ရန်၊ ရေသုံးစွဲရာတွင် မျှမျှတတဖြစ်စေရန်၊ သင့်တော်သောနည်းပညာများအသုံးချရန်၊ ရေအရင်းအမြစ်အသုံးချရာတွင် ပြဿနာဖြစ်ပေါ်သော အကြောင်းအရင်းရှာဖွေဖြေရှင်းရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းသောစနစ်ဖြင့် ဆောင်ရွက်ရန်နှင့် ဘက်ပေါင်းစုံမှပါဝင်သော ပညာရှင်အဖွဲ့များဖြင့်ဆောင်ရွက်ရန်ဟူသည့် လမ်းညွှန်ဥပဒေသများအတိုင်း လိုက်နာကျင့်သုံးသွားရမည်ဖြစ်ပါကြောင်း။

နောင်လာမည့် ၁၀ နှစ်အတွင်း မိမိတို့နိုင်ငံအနေဖြင့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အပြည့်အဝဆောင်ရွက်မှုကို အခြေခံ၍ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးပြီး ရေကိုထိရောက်စွာသုံးစွဲနိုင်သော နိုင်ငံဖြစ်စေရေး ရည်မှန်းဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် နိုင်ငံတွင်း ရေအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံးနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာနှင့် ကူးလူးဆက်သွယ်သူအဖြစ် ဥပဒေအရတရားဝင်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

ရေဆိုင်ရာကျွမ်းကျင်ပညာရှင်အဖွဲ့အနေဖြင့်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသော ပြည်သူများအပါအဝင် ကျယ်ပြန့်သောပြည်သူလူထုကြီးတစ်ရပ်လုံးနှင့် မိမိတို့၏ ကော်မတီဝင်များအကြား ယခုလက်ရှိနိုင်ငံတကာတွင် လက်ခံကျင့်သုံးလျက်ရှိသည့် ရေနှင့် ရေအရင်းအမြစ်များဆိုင်ရာ လုပ်နည်းလုပ်ဟန်များကိုအခြေခံသော နားလည်မှုတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံနှင့် ကိုက်ညီမှုရှိမည့် ရေဆိုင်ရာမူဝါဒ၊ မူဘောင်နှင့် ညွှန်ကြားချက်များရေးဆွဲအကောင်အထည်ဖော်ရာတွင် သက်ဆိုင်သူအားလုံးက မိမိတို့ကဏ္ဍအလိုက် အားသွန်ခွန်စိုက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် အနာဂတ် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုရှိစေမည့် အကြံဉာဏ်ကောင်းများရရှိရန်အတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီပေါ်ပေါက်လာပုံ၊ ကော်မတီ၏ ဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားများနှင့် ဆက်လက်ဆောင်ရွက်နေသည့်အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျွမ်းကျင်သူပညာရှင်များအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်နီနီသိန်းက ကျွမ်းကျင်သူပညာရှင်များအဖွဲ့ ဖွဲ့စည်းပုံ၊ လက်ရှိဆောင်ရွက်နေသည့် တာဝန်ဝတ္တရားများ၊ အဖွဲ့မှပံ့ပိုးဆောင်ရွက်နေမှု အခြေအနေများအပေါ် အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဧရာဝတီ သာမက ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စသည့်မြစ်လမ်းကြောင်းများ ပိုမိုအားကောင်းလာစေရေး၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေ ပြည့်စုံလုံလောက်စွာရရှိရေးအတွက် လိုအပ်သည်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့်ယှဉ်ကာ ကောင်းမွန်ပြည့်စုံသော နည်းပညာများ၊ အတွေ့အကြုံများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အလားတူ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကျွမ်းကျင်ပညာရှင်များက ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေးဆိုင်ရာကိစ္စရပ်များအပေါ် နယ်ပယ်ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ Mr. Lu Hao ဦးဆောင်သည့်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ ပြည်သူ့လွှတ်တော်ကော်မတီ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးသိန်းလွင်၊ ဦးကိုကိုထွန်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးပွဲပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၄

နေပြည်တော် အမျိုးသားလွှတ်တော် အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate)ကို **"တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လေ့လာချက်စာတမ်း"** ခေါင်းစဉ်ဖြင့် ကျင်းပရာ စာတမ်းရှင် ဒေါက်တာချစ်စံ (ချစ်စံဝင်း)က အပြန်အလှန်ဆွေးနွေးပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု၊ ပါမောက္ခ ဒေါက်တာမြဦး၊ ဦးဇုန်လှယ်ထန်း တို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာတမ်းရှင် ဒေါက်တာချစ်စံ (ချစ်စံဝင်း)က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၁၁-၂၀၁၃ (အင်္ဂါနေ့)

၆း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်	၁၁း၃၅	တေးဂီတအစီအစဉ်
		၂း၂၀	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၅၀	ပြည်သူ့နီတိ"ကိုယ့်ရှူးကိုယ်ပတ်"	၄း၂၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၇း၂၀	ပြည်သူတို့ရဲ့စကားသံများ		
၇း၃၅	"နှလုံးသားတို့တည်ရာမြေ(သို့)ပုဂံ		
၉း၂၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ (ဂီတရိပ်သာ) (အပိုင်း-၁၃)	၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၁း၁၀	"ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနှင့်သူ့လက်ရာ" (ယဉ်ကျေးမှုတက္ကသိုလ်)	၈း၄၅	ပြည်သူ့အတွက် ကြိုးပမ်းမှု ပုံရိပ်များ -"ဆိုလိုက်ကြစို့"

❖ **ကလေးမြို့မှ**

ဒေသများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် အလွန်အရေးကြီးသော လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ကလေးမြို့အတွက်လည်း လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းကြီးကို သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကလေးမြို့နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးက မျှော်လင့်တောင့်တလျက်ရှိကြကြောင်း သိရသည်။

(ဖျိုးနတ်)

နိုဝင်ဘာ ၄ရက်က မော်စီအား ထောက်ခံသူများ တရားရုံးအနီး စုဝေးဆန္ဒပြကြစဉ်။

အီဂျစ်သမ္မတဟောင်း မော်စီအား ရုံးတင်စစ်ဆေး မိမိ သမ္မတဖြစ်နေဆဲဟု မော်စီပြောကြား

ကိုင်ရို နိုဝင်ဘာ ၄

ရာထူးမှဖယ်ရှားခြင်းခံခဲ့ရသော သမ္မတဟောင်း မိုဟာမက်မော်စီအား တရားရုံးတင်စစ်ဆေးမှုကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ တရားရုံးတစ်ရုံး၌ ပြုလုပ်သည်။ မိမိအပေါ် စွဲချက်တင်ထားမှုသည် တရားမဝင်ကြောင်းနှင့် မိမိသည် သမ္မတတစ်ဦးအဖြစ်ရှိနေဆဲဖြစ်သည်ဟု မော်စီက ပြောကြားသည်။

၂၀၁၂ ခုနှစ်အတွင်းက သမ္မတနန်းတော်ဝင်းပြင်ပ၌ ဆန့်ကျင်ဆန္ဒပြခဲ့သူများအား သတ်ဖြတ်ခဲ့သည်ဟူသော စွဲချက်ဖြင့် သမ္မတဟောင်းမော်စီအပါအဝင် မွတ်စလင်ညီနောင်များအဖွဲ့ခေါင်းဆောင် ၁၄ ဦးမှာ တရားရင်ဆိုင်နေရသည်။

သမ္မတဟောင်းမော်စီ၏ မှတ်ချက်ပြုပြောကြားမှုနှင့် တရားခံဝတ်စုံဝတ်ရန် ငြင်းဆန်မှုတို့ကြောင့် ယင်းအမှုအား တရားစီရင်ခြင်းကို လာမည့်နှစ်ဇန်နဝါရီ ၈ ရက်ထိ ရွှေ့ဆိုင်းရန် တရားရုံးက ဆုံးဖြတ်ခဲ့သည်။

သမ္မတဟောင်းမော်စီအား တရားရုံးတင်ချိန်တွင် တရားရုံးအပြင်ဘက်၌ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည်။ သမ္မတမော်စီ၏ အုပ်ချုပ်မှုအား ဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် ယခုနှစ် ဇူလိုင်လအတွင်း ၎င်းအား အီဂျစ်စစ်ဘက်က ရာထူးမှဖယ်ရှားခဲ့သည်။ နိုဝင်ဘာ ၄ ရက် နံနက်အစောပိုင်းတွင် သမ္မတဟောင်း မော်စီအား ထိန်းသိမ်းထားရာ ရဲတပ်ဖွဲ့အကယ်ဒမီဝင်းမှ ကိုင်ရိုမြို့သို့ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်လာပြီး ၎င်းနှင့်အတူ တရားစီရင်ခံရမည့် မွတ်စလင်ညီနောင်များအဖွဲ့ ခေါင်းဆောင်များအား သံချပ်ကာယာဉ်များနှင့် တရားရုံးသို့ ခေါ်ဆောင်လာခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ သူပုန်များတိုက်ခိုက် ခုနစ်ဦးသေဆုံး

နယူးဒေလီ နိုဝင်ဘာ ၄

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ လက်နက်ကိုင်စစ်သွေးကြွများအဖြစ် သံသယရှိသူများ၏ တိုက်ခိုက်မှုကြောင့် ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က နိုဝင်ဘာ ၄ရက်တွင် ပြောကြားသည်။

နိုဝင်ဘာ ၃ရက် ညနေပိုင်းက ဂိုလ်ပါရာခရိုင်အတွင်း ဖဲကစားနေသည့် ရွှေ့ပြောင်းလုပ်သားအုပ်စုကို ဂါရိုအမျိုးသားလွတ်မြောက်ရေး တပ်မတော်အမည်ရှိ သူပုန်အဖွဲ့မှ လက်နက်ကိုင်များက ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အာသံပြည်နယ်တွင် မကြာသေးမီနှစ်များအတွင်း လူမျိုးရေးပဋိပက္ခများနှင့် ခွဲထွက်ရေးလှုပ်ရှားမှုနှင့် ဆက်နွယ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားခဲ့သည်။ ဂိုပါရာခရိုင်အတွင်း ရဗ်ဟာနှင့် ဂါရိုမျိုးနွယ်စုနှစ်ခုအကြား အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။ **ဘီဘီစီ။**

ရေတပ် စစ်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ဟု မြောက်ကိုရီးယားဝန်ခံ

ပြုံယမ်း နိုဝင်ဘာ ၄

လွန်ခဲ့သည့်လက မြောက်ကိုရီးယားရေတပ်မှ စစ်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရကြောင်း ယင်းနိုင်ငံက နိုဝင်ဘာ ၄ရက်တွင် ဝန်ခံပြောကြားလိုက်သည်။

ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့မှုတွင် စစ်အရာရှိနှင့် ရေတပ်သား မည်မျှသေဆုံးခဲ့ရသည်ကိုမူ မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာနက ထုတ်ဖော်ရေးသားခြင်းမပြုပေ။

ကျဆုံးလေပြီးသော ရဲဘော်များအတွက် ဖွင့်လှစ်ထားသည့် ဂူဗိမာန်သို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း သွားရောက်ခဲ့ပုံကို နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသသည်။

၂၀၁၀ပြည့်နှစ်က တောင်ကိုရီးယားရေတပ်မှ စစ်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရမှုအတွက် ယင်းနိုင်ငံက မြောက်ကိုရီးယားနိုင်ငံကို အပြစ်ဖို့ခဲ့သည်။ ယင်းဖြစ်စဉ်တွင် တောင်ကိုရီးယားရေတပ်သား ၄၆ ဦး သေဆုံးခဲ့ရသည်။ အဆိုပါနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံက အမြောက်ဖြင့်ပစ်ခတ်မှုကြောင့် ရှေ့တန်းနယ်မြေရှိ ကျွန်းတစ်ကျွန်း၌ ရှိနေသော တောင်ကိုရီးယားလေးဦး သေဆုံးခဲ့ရသည်။ **အေပီ။**

ပုဂ္ဂလိကရုပ်ရှင်ရုံများနှင့် ဗီဒီယိုဂိမ်းဆိုင်များ ချက်ချင်းပိတ်ရန် ကျူးဘား၌ အမိန့်ထုတ်

ဟာဗားနား နိုဝင်ဘာ ၃

ကျူးဘားနိုင်ငံတွင် ပုဂ္ဂလိကပိုင် ရုပ်ရှင်ရုံများနှင့် ဗီဒီယိုဂိမ်းဆိုင် ဒါဇင်များစွာကို ချက်ချင်းပိတ်ရန် အစိုးရက အမိန့်ထုတ်လိုက်ကြောင်း တနင်္ဂနွေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၎င်းတို့တွင် မည်သည့်ခွင့်ပြုချက်မျှ ရယူထားခြင်းမရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးသော်လည်း ခွင့်ပြုမိန့်ကိုမူ ရယူရန်လိုအပ်ကြောင်း အစိုးရက ပြောကြားသည်။

ကွန်မြူနစ်နိုင်ငံသည် ပုဂ္ဂလိကအခန်းကဏ္ဍကို တားမြစ်ပိတ်ပင်ထားရာမှ မကြာသေးမီက ဖြေလျှော့ပေးခဲ့သည်။

သို့သော် အချို့သော ကျူးဘားစီးပွားရေး ရှေ့ဦးလမ်းထွင်သူများသည် စားသောက်ဆိုင်များနှင့် အခြားသော စီးပွားရေးလုပ်ငန်းများတွင် လျှို့ဝှက်ရုပ်ရှင်ခန်းများနှင့် ဖြေဖျော်ရေးဆိုင်များကို တွဲဖက်လုပ်ကိုင်ကြသည်။

မည်ကဲ့သို့သော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများဖြစ်စေ သရီးဒီရုပ်ရှင်များပြသသော ရုပ်ရှင်ရုံများနှင့် ကွန်ပျူတာဂိမ်းဆိုင်များကို ချက်ချင်းရပ်ဆိုင်းကြရမည်ဟု အစိုးရပိုင်သတင်းစာဂရမ်မာတွင် ဖော်ပြထားသည်။

ဥပဒေကိုမည်သည့်နည်းဖြင့် ချိုးဖောက်သည်ဖြစ်စေ တိကျပြတ်သားစွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးလိုက်ပြီး ဤအမိန့်သည် ပုဂ္ဂလိကလုပ်ငန်းများကို စည်းကမ်းသတ်မှတ်ပေးခြင်းသာဖြစ်ကြောင်း ကာကွယ်ပြောကြားသည့်အပြင် နောက်ပြန်ဆုတ်ခြင်းမဟုတ်ပါဟု ထပ်လောင်းအသိပေးခဲ့သည်။ **ဘီဘီစီ။**

ကျူးဘားနိုင်ငံ မြို့တော်ဟာဗားနားရှိ ပုဂ္ဂလိကပိုင် ရုပ်ရှင်ရုံတစ်ရုံကို တွေ့ရစဉ်။

ကထိန်အလှူတော်မင်္ဂလာ
ကုသိုလ်ရယူသာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် ဖိတ်ကြားခြင်း

နိုင်ငံတော်တစ်ဝန်းရှိ စိတ္တသုခကမ္မဋ္ဌာန်းကျောင်း(၄၇)ကျောင်း၏ ပဓာနနာယက၊သက်တော်(၉၁)နှစ်ရှိတော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္က အမှူးပြုသော မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ၊ မင်္ဂလာဇေယျာကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော် အရှင်သူမြတ်များနှင့် ပင့်သံဃာအပါး(၂၀၀)ကျော်တို့အား ကထိန်လျာသင်္ကန်းကပ်လှူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း အစရှိသည့် ကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ရက်၊ ၁၁-၁၁-၂၀၁၃ရက်(တနင်္လာနေ့)နံနက် (၉း၀၀)နာရီတွင် အဆိုပါကျောင်း၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေအပေါင်းအား ကြွရောက်ကြည်ညိုကုသိုလ်ရယူ၍ သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကထိန်အလှူရှင်မိသားစု
ဦးစံရွှေအောင်(ညွှန်ကြားရေးမှူးချုပ်)ဇနီး ဒေါ်အေးအေးသန်း



နိုင်ဂျီးရီးယားတွင် မင်္ဂလာဆောင်ယာဉ်တန်းတိုက်ခိုက်ခံရ၊ လူ ၃၀ ကျော်သေဆုံး

လေဂို့စ် နိုဝင်ဘာ ၄

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မင်္ဂလာဆောင်ယာဉ်တန်းတစ်ခုကို သေနတ်သမားများက စီးနင်းတိုက်ခိုက်မှုကြောင့် လူ ၃၀ ကျော် သေဆုံးခဲ့ရသည်။

တိုက်ခိုက်ခံရသည့်နေရာသည် ဘော်နိုပြည်နယ်အတွင်း ဘာမာနှင့် ဘန်ကီကို ဆက်သွယ်ထားသော အကြမ်းဖက်တိုက်ခိုက်ခံရမှုတွင် နာမည်ဆိုးနှင့် ကျော်ကြားနေသည့် လမ်းပေါ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများတွင် သတို့သားလည်း ပါဝင်သည်ဟု သိရသည်။

အကြမ်းဖက်တိုက်ခိုက်သူများမှာ အစ္စလာမ့်အစွန်းရောက် စစ်သွေးကြွအဖွဲ့ဖြစ်သည့် ဘိုကိုဟာရမ်အဖွဲ့ဟု ယူဆရပြီး ယင်းအဖွဲ့၏ မကြာခဏ တိုက်ခိုက်ခံရမှုများကြောင့် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသကို နိုင်ငံတော်အရေးပေါ် အခြေအနေ ကြေညာထားရသည်။

၂၀၀၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ဘိုကိုဟာရမ်အဖွဲ့ကို တိုက်ခိုက်ချေမှုန်းရန် ယင်းဒေသသို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ခဲ့သော်လည်း အရပ်သားများတိုက်ခိုက်ခံရမှုမှာ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ လွန်ခဲ့သည့် သီတင်းပတ်ကလည်း ဒါမာတူရူမြို့တွင် စစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်မှုကြောင့် လူ ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး စစ်ဘက်အဆောက်အအုံများနှင့် ရဲစခန်းများ မီးရှို့ခံခဲ့ရသည်။

"သေနတ်သမားတွေက အားလုံးကို ရက်ရက်စက်စက်သတ်ဖြတ်သွားခဲ့တာပါ။ အဝေးပြေးလမ်းပေါ်မှာ အလောင်းတွေ ပြန့်ကျဲနေတာတွေ့ရတော့ ကျွန်တော်နဲ့ခရီးသည်တွေ အတော်တုန်လှုပ်သွားခဲ့ရပါတယ်"ဟု အမည်မဖော်လိုသူ ယာဉ်မောင်းတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကျန်ရစ်သူသတို့သမီးနှင့် မိသားစုဝင်များ၏ ကံကြမ္မာမည်သို့ရှိမည်ကို မသိရပေ။ **ဘီဘီစီ။**

ဘိုကိုဟာရမ်စစ်သွေးကြွများ။

ဘင်္ဂလားဒေ့ရှ် ဆန္ဒပြတိုက်ပွဲ လူနှစ်ဦးသေဆုံး

ဒါကာ နိုဝင်ဘာ ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုဝင်ဘာ ၄ ရက်က နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည့် လက်ရှိဝန်ကြီးချုပ်နုတ်ထွက်ပေးရေးဆန္ဒပြပွဲတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများကြား အချင်းချင်းတိုက်ခိုက်မှုများကြောင့် လူနှစ်ဦးသေဆုံးခဲ့ရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဒေါသူပုန်ထနေသည့် အဓိကအတိုက်အခံ ဘီအင်န်ပီပါတီထောက်ခံသူနှင့် လက်ရှိအာဏာရပါတီ အဝါမီလိဂ်ပါတီထောက်ခံသူရာပေါင်းများစွာတို့သည် ပတ်ဂရမ်မြို့တွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ရဲတပ်ဖွဲ့က ပထမတော့ တိုက်ခိုက်မှုဖြစ်ပွားနေတဲ့လူတွေကို ပြောင်းတိုသေနတ်နဲ့ပစ်ပြီး လူစုခွဲခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ရိုင်ဖယ်သေနတ်နဲ့ ပစ်ခဲ့ရပါတယ်"ဟု ခရိုင်အုပ်ချုပ်ရေးမှူးတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ပတ်ဂရမ်မြို့ဆေးရုံမှ ဆရာဝန်တစ်ဦးက ဆန္ဒပြသူတစ်ဦးသည် သေနတ်ဒဏ်ရာကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၆ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ပြောကြားသည်။

ယခုကဲ့သို့ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားနေရခြင်းမှာ လက်ရှိအစိုးရ သက်တမ်း ငါးနှစ်သည် အောက်တိုဘာ ၂၄ ရက်တွင် ကုန်ဆုံးသွားခဲ့ပြီး အောက်တိုဘာ ၂၅ ရက်ကတည်းက အစိုးရပါတီထောက်ခံသူများနှင့် အတိုက်အခံပါတီထောက်ခံသူများကြား အပြန်အလှန် တိုက်ခိုက်မှုများဖြစ်ပွားနေခဲ့ခြင်းဖြစ်သည်။ ယခုအချိန်ထိ သေဆုံးသူ အနည်းဆုံး ၂၂ ဦးရှိသွားပြီဖြစ်သည်။

အတိုက်အခံများက လက်ရှိအစိုးရသည် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည့်အတွက် တရားမဝင်တော့ကြောင်းနှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ပါတီလက်ကိုင်မရှိသည့် ကြားဖြတ်အစိုးရလက်အောက်တွင် ကျင်းပသွားရန်တောင်းဆိုနေသည်။ လက်ရှိအစိုးရကလည်း လာမည့်ရွေးကောက်ပွဲကို ၎င်းတို့အစိုးရ၏ လက်အောက်တွင် ကမကထပြုကျင်းပသွားမည်ဟု ကြေညာထားသည်။

အေအက်ဖ်ပီ။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၃)ကို တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၄ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၅)ခုကို မေးမြန်းဖြေကြားခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်သွင်းသော **"ရန်ကုန်တိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းလျာထားချက်"**အား တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်က လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း၊ ငွေစာရင်းလျာထားချက်တွင်ပါရှိသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ငွေစာရင်းနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ ငွေစာရင်းများအား တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးက ရှင်းလင်းတင်ပြခြင်း၊ ငွေစာရင်းလျာထားချက်တွင်ပါရှိသော ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ငွေစာရင်းများအား တိုင်းဒေသကြီးသစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်သည်။

ထို့နောက် **"ရန်ကုန်တိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း လျာထားချက်"** အဆိုအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်သို့တင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုခဲ့သည်။

လွှတ်တော်သို့တင်သွင်းသော အဆိုတစ်ခုအား မေးခွန်းအဖြစ်ပြောင်းလဲခြင်း၊ အဆိုသုံးခုအား လွှတ်တော်၌ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးပထမနေ့ကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၄

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၃) ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ် ၁၂၄ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခြင်း၊ ပြည်နယ်ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသွားဧည့်သည်များ လုံခြုံစိတ်ချစွာတည်းခိုနိုင်ရန် စီစဉ်၊ ဝန်ထမ်းများအရည်အသွေးမြှင့်တင်

ရန်ကုန် နိုဝင်ဘာ ၄

မကြာမီ ပိုမိုများပြားလာတော့မည့် ခရီးသွားဧည့်သည်များ လုံခြုံစိတ်ချစွာ တည်းခိုအပန်းဖြေနိုင်ရန် စီစဉ်မှုအပြင် တစ်ဖက်မှလည်း ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ခြင်းများ လုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ အရည်အသွေးမြှင့်မားစေရန် အသင်းမှ သင်တန်းများဖွင့်လှစ်ပေးလျက်ရှိသလို ဟိုတယ်တစ်ခုစီမှ အခါအားလျော်စွာ လေ့ကျင့်မှုများ လုပ်ဆောင်ပေးနေကြောင်း၊ ယင်းသို့လေ့ကျင့်လုပ်ဆောင်ပေးခြင်းဖြင့် ကျွမ်းကျင်ဝန်ထမ်းများ ဖြစ်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွမ်းကျင်မှုအားနည်းရင် ဧည့်သည်အပေါ်မှာ ဝန်ဆောင်မှုကောင်းတွေပေးနိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့်လည်း ကျွမ်းကျင်ဝန်ထမ်းတွေဖြစ်လာဖို့ စီစဉ်လုပ်ဆောင်လေ့ကျင့်ပေးနေတာဖြစ်ပါတယ်"ဟု ၎င်းကရှင်းပြသည်။

မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားသော ဟိုတယ်ဇုန် ၁၁ ခုအနက် ရန်ကုန်ဇုန်သည်တစ်ခုအပါအဝင်ဖြစ်သလို ဌာနဆိုင်ရာ၏ လမ်းညွှန်ချက်များနှင့်အညီ မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း လက်တွဲဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်ဟိုတယ်ဇုန်တွင် အောက်တိုဘာလအထိ ဟိုတယ်ပေါင်း ၂၀ ကျော်ရှိပြီး အခန်းပေါင်း ၉၇၀ ကျော်ရှိကာ အသစ်ဖွင့်လှစ်ရန်စီစဉ်နေသော ဟိုတယ်များလည်းရှိသလို ကမ္ဘာလှည့်ခရီးသည် များလာမည့်ကာလအတွက် ကြိုတင်စီစဉ်နေကြခြင်းလည်းဖြစ်ကြောင်း သိရသည်။

(ထက်ခိုင်-စမ်းချောင်း)



စစ်မီးငြိမ်းချိန် တန်ပါပြီ

အေးကြွယ်

ကမ္ဘာပေါ်မှာဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေနဲ့ပတ်သက်ပြီး ဗြိတိသျှစာရေးဆရာကြီး အိပ်ချ်ဂျီဝဲလ်စ်(၁၈၆၆-၁၉၄၆) ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်း မှတ်သားခဲ့ဖူးပါတယ်။ If we don't end war, war will end us. **"စစ်ပွဲတွေကို ကျွန်တော်တို့က အဆုံးမသတ်ရင် စစ်ပွဲတွေက ကျွန်တော်တို့ကို အဆုံးသတ်သွားလိမ့်မယ်"** ဆိုတဲ့ စကားပါပဲ။ တကယ်ပဲ မှန်ကန်ခဲ့ပါတယ်။ လောဘ၊ ဒေါသတွေ ပြည့်နေတဲ့ကမ္ဘာကြီးမှာ စစ်ပွဲတွေကြောင့် ကျခဲ့ရတဲ့ မျက်ရည်တွေ၊ ပျက်စီးခဲ့ရတဲ့ အသက်အိုးအိမ်စည်းစိမ် ပစ္စည်းတွေ၊ ဆုံးရှုံးခဲ့ရတဲ့ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတွေ၊ ကြုံတွေ့ခဲ့ရတဲ့ ဆင်းရဲဒုက္ခမျိုးစုံတွေဟာ ပြောမပြနိုင်လောက်အောင် များပြားခဲ့ပါတယ်။ နောက်ဆုံးတော့ စစ်ပွဲတွေအားလုံးရဲ့ အနှစ်သာရဟာ လူသားတွေအားလုံးအတွက် အရှုံးနဲ့ပြာပုံတွေသာ ဖြစ်ခဲ့ရတယ်ဆိုတာ ကမ္ဘာ့ပြည်သူအားလုံးက သိရှိခဲ့ပြီး ဖြစ်ပါတယ်။

ကမ္ဘာ့သမိုင်းကိုပဲကြည့်ကြည့်၊ မြန်မာ့သမိုင်းကိုပဲကြည့်ကြည့် စစ်ပွဲတွေနဲ့ပတ်သက်လို့ သင်ခန်းစာယူစရာတွေကတော့ အများကြီးပါပဲ။ ဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေကြားမှာ ကျွန်တော်တို့တစ်တွေ နေထိုင်ရတာကလည်း လေပေါက်ကြီးကို စီးပြီး ခရီးသွားနေရသလို အန္တရာယ်အလွန်များပါတယ်။ ဘယ်အချိန် ရေနစ်လိမ့်မလဲ၊ ဘယ်နေရာ လှေမြုပ်လိမ့်မလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ လှေထဲဝင်လာတဲ့ရေတွေကို အမြဲတမ်းခပ်ထုတ်ပစ်နေရသလိုပါပဲ။ စစ်ပွဲတွေကြား နေနေရတဲ့ ပြည်သူတွေဟာလည်း စစ်ဘေးစစ်ဒဏ် ဘေးဆိုးကြီးတွေက လွတ်မြောက်ဖို့ လောင်ကျွမ်းနေတဲ့ စစ်မီးတွေကို ငြိမ်းသတ်ဖို့အတွက် နေ့စဉ်နှင့်အမျှ ကြိုးပမ်းနေကြရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စစ်မီးတွေ ငြိမ်းသတ်ရေးနဲ့ ငြိမ်းချမ်းရေးရရှိရေးဟာ ဟိုအရေး ဒီအရေးဆိုတာတွေထက် အရေးတကြီးလုပ်ပေးရမယ့် အရေးကိစ္စတစ်ခုဆိုတာကို ကျွန်တော်တို့အားလုံး အတိအလင်းနားလည်လက်ခံပေးကြရပါလိမ့်မယ်။

စစ်နဲ့ ငြိမ်းချမ်းရေး

စစ်နဲ့ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံးကို ကျွန်တော်တို့နဲ့ ရင်းနှီးအောင် လုပ်ပေးခဲ့တာကတော့ ကမ္ဘာကျော် ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်း(၁၈၂၈-၁၉၁၀) ပါပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၄၀)ကျော်ကတည်းက **"စစ်နဲ့ ငြိမ်းချမ်းရေး"** ဆိုတဲ့ ဂန္ထဝင်ဝတ္ထုရှည်ကြီးကိုရေးပြီး ကမ္ဘာ့ပြည်သူများကို မျက်စိဖွင့်၊ နားဖွင့်ပေးခဲ့ပါတယ်။ ၁၉ ရာစုဦး ရုရှားနဲ့ ပြင်သစ်တို့ရဲ့ သမိုင်းနောက်ခံ ရုပ်ပုံကားချပ်တွေ၊ ဇာဘုရင်နဲ့ နပိုလီယံစစ်ဘုရင်တို့ရဲ့ အကြောင်းတွေ၊ စိန့်ပီတာစဘက်၊ ရောမ၊ အင်္ဂလန်၊ ဩစတြီးယားတို့ရဲ့ အကြောင်းတွေ၊ စစ်ပွဲတွေရဲ့အကြောင်း၊ စစ်မြေပြင် စစ်သံ့ပန်းတွေရဲ့အကြောင်းတွေကို ကျွန်တော်တို့ကို ရင်းနှီးကျွမ်းဝင်အောင် ပြောပြပေးခဲ့တာပါ။ ဘာပဲပြောပြော ဒီဝတ္ထုကြီးဟာ ကျွန်တော်တို့ စစ်ကို ရွံမုန်းပြီး ငြိမ်းချမ်းရေးကို ချစ်ခင်နှစ်သက်လာအောင် တစ်စိတ်တစ်ပိုင်း နှိုးဆွပေးခဲ့တာ အမှန်ပါပဲ။

တကယ်တော့ ငြိမ်းချမ်းရေးနဲ့ စစ်တားဆီးရေးဟာ ကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာဟာ ပဋိပက္ခတွေနဲ့ အကြမ်းဖက်မှုတွေ ကင်းရှင်းပြီး ရန်လိုခြင်းကင်းဝေးတဲ့ ပြုမူနေထိုင်ခြင်းလို့လည်း နားလည်ခဲ့မိပါတယ်။

သက်ဆိုးရှည်ဆုံး ပြည်တွင်းစစ်

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးလမ်းကြောင်းကို လှိုင်းလေထန်ခဲ့တယ်လို့ အချို့က ဆိုကြပါတယ်။ အချို့ကတော့ နာတာရှည်ခရီးကြမ်းကြီးပါဟု ဆိုပါတယ်။ ၁၉၄၈ ခုနှစ်နောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းဟာ အကောင်းအဆိုးတို့ ရောပြွမ်းရှုပ်ထွေးနေခဲ့တာကတော့ အမှန်ပါပဲ။ အရှေ့တောင်အာရှမှာ ပြည်တွင်းစစ် သက်ဆိုးအရှည်ဆုံးနိုင်ငံလို့တောင် ပြောစမှတ်ပြုကြရမှာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးကတည်းက ပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်လမ်းစဉ်နဲ့ ပြည်တွင်းစစ်မီးတွေကို အပြီးသတ် မငြိမ်းသတ်နိုင်ခြင်းဟာ နာတာရှည်ရောဂါဆိုးကြီးတစ်ခုလို ဖြစ်ခဲ့ပါတယ်။

လွတ်လပ်ရေးရပြီး နှစ်လအကြာမှာ ဗကပတို့ တောခိုခဲ့ပြီး ပြည်တွင်းစစ်တွေ ဖြစ်များခဲ့ပါတယ်။ အဲဒီအချိန်ကတည်းကစပြီး တိုင်းပြည်လည်း စစ်မီးတွေနဲ့ ဘေးကျပ်နံကျပ် ဖြစ်ခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီး တစ်နှစ်တာကာလ ပြည်တွင်းစစ်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေဟာ အံ့မခန်းလောက်အောင်ပါပဲ။ အဲဒီပျက်စီးမှုများနဲ့ပတ်သက်ပြီး ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ပြည်ထောင်စုသစ္စာတော်ခံ လူထုအစည်းအဝေးမှာ ဝန်ကြီးချုပ် ဦးနုက အောက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့တာ တွေ့ရမှာဖြစ်ပါတယ်-

- **"အဆောက်အအုံ၊ တံတား၊ မီးရထားအစရှိတဲ့ ပြည်သူလူထုပိုင်ပစ္စည်းတွေ အဖျက်အဆီးခံရတဲ့အတွက် သိန်း ၃၆၀ ဖိုးလောက် ပျက်စီးသွားပြီ။**
- **ငွေတိုက်အဖောက်ခံရတဲ့ ပြည်သူလူထုငွေတွေ သိန်း ၁၂၅ သိန်းကျော်လောက် ပျောက်သွားပြီ။**
- **အဓမ္မမှုတွေကြောင့် အခွန်တော်ငွေနဲ့ ပြည်ထောင်စုရဲ့ နိုင်ငံတော်ဝင်ငွေ သိန်းပေါင်း ၂၀၀၀ ကျော် ဆုံးရှုံးပျက်စီးသွားပြီ။**
- **အဓမ္မမှုတွေကို နှိမ်နင်းဖို့ အရန်ရဲတပ်၊ စစ်ရဲတပ်၊ စစ်ဝန်ထမ်းတွေ ထပ်ပြီး ဖွဲ့စည်းခဲ့ရတဲ့အတွက် မူလကုန်ကျပြီးဖြစ်တဲ့ ကာကွယ်ရေးစရိတ်အပြင် တစ်နှစ်ကို သိန်း ၃၀၀ ကျော် ထပ်ပြီး ကုန်နေပြီ။ သေကျေပျက်စီးရတဲ့ လူတွေရဲ့ အရေအတွက်ဟာ အနည်းဆုံး ၃၀၀၀၀ ထက် မနည်းဘူး"** လို့ တွက်ချက် ပြောကြားခဲ့ပါတယ်။

အဲဒီဆုံးရှုံးမှုတန်ဖိုးတွေဟာ ယခုခေတ် ငွေတန်ဖိုးနဲ့ မဟုတ်ဘဲ အဲဒီခေတ် အဲဒီအချိန်အခါက ရွှေတန်ဖိုး၊ ငွေတန်ဖိုးများနဲ့ နှိုင်းယှဉ်ရင် အင်မတန်များပြားတဲ့ ဆုံးရှုံးမှုများဖြစ်ပါတယ်။ နောက်ပြီး ဒါဟာ ပြည်တွင်းစစ်ဖြစ်ပြီး တစ်နှစ်တာကာလရဲ့ ဆုံးရှုံးမှုမျှသာဖြစ်ပါတယ်။ ပြည်တွင်းစစ်ဖြစ်ပွားခဲ့တဲ့ နှစ်ပေါင်း ၆၀ ကျော်ကာလတစ်လျှောက် တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ ဆုံးရှုံးမှုတွေကို အဲဒီလိုတွက်ဆကြည့်မယ်ဆိုရင် ကျွန်တော်တို့အားလုံး အောချရမှာ အမှန်ပါပဲ။

ဗကပ အကြောင်းပြောရမယ်ဆိုရင် သခင်သန်းထွန်း အကြောင်းကို ချန်ထားခဲ့လို့ မရပါဘူး။ ဗကပတို့က သခင်သန်းထွန်းကို နှစ်ပေါင်းများစွာ ခေါင်းဆောင်တင်ပြီး လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးခဲ့တာလေ။ သခင်သန်းထွန်းနဲ့ ဗကပတို့ ကျဆုံးရခြင်းဟာ ကွန်မြူနစ်ဝါဒနဲ့ လက်နက်ကိုင်လမ်းစဉ်ကြောင့်လို့ ဆိုနိုင်သလို အမျိုးသားနိုင်ငံရေးကို ခံယူကျင့်သုံးခဲ့မှု အားနည်းခဲ့ခြင်းကြောင့်လို့လည်း ဆိုရမှာပါ။ အမျိုးသားရေးဝါဒနဲ့ အမျိုးသားနိုင်ငံရေးဆိုတာဟာ လူထုလူတန်းစားအရေး၊ လူမျိုးရေး၊ ဝါဒရေးတို့ထက် အရေးကြီးပါတယ်။ ဘယ်နိုင်ငံရဲ့ အမျိုးသားရေးဝါဒကိုပဲ ကြည့်ကြည့် မိမိတို့ဖြတ်သန်းခဲ့တဲ့ သမိုင်းကြောင်းနဲ့ သီးခြားခွဲထွက်မနေဘဲ ဆက်စပ်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေးဝါဒ(ဝါ)အမျိုးသားနိုင်ငံရေးဆိုတာကတော့ ကျွန်တော်တို့ ဒီနေ့ပြောနေတဲ့ ဒို့တာဝန်အရေးသုံးပါးပါပဲလို့ နားလည်ထားပါတယ်။

နိုင်ငံရေးနည်းနဲ့ အဖြေရှာ

တကယ်တော့ စစ်ပွဲတိုင်းဟာ နိုင်ငံရေးနဲ့ ကင်းလွတ်သည်တော့မဟုတ်။ နိုင်ငံရေးနဲ့ ညှိနှိုင်းအဖြေရှာကြရမှာသာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအရ လွတ်လပ်မှုတွေရှိလာပါပြီ။ ယခင်က မပြောနိုင်တဲ့ကိစ္စတွေ၊ မပြောရဲတဲ့ကိစ္စတွေ ပြောရဲဆိုရဲ၊ ပြောနိုင်ဆိုနိုင်ကြပါပြီ။ ယခင်က မမျှော်လင့်ရဲတာတွေ မျှော်လင့်နိုင်ပါပြီ။ ယခင်က မမက်ရဲခဲ့တဲ့ အိပ်မက်တွေကိုလည်း မက်ခွင့်ရနေပါပြီ။ တစ်နည်းအားဖြင့် ပြောရရင် ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအဖြစ်သနစ်တွေဟာ အင်မတန်အားရကျေနပ်စရာ ကောင်းပါတယ်။ ကမ္ဘာ့နိုင်ငံအားလုံး မျက်နှာမူရာဖြစ်နေတဲ့ ဒီမိုကရေစီစနစ်ကို ဟန်ကျပန်ကျ ပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံရေးအသစ်၊ ယဉ်ကျေးမှုအသစ်၊ ဇာတ်ကောင်အသစ်တွေကိုလည်း ပြောင်းလဲပေးနိုင်ခဲ့ပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ရာစုနှစ်ဝက်လောက် ကင်းကွာနေတဲ့ ဒီမိုကရေစီစနစ်ကို ပြန်လည်အသက်သွင်းပေးနိုင်ခဲ့ပြီဆိုတော့ အရေးကြီးတဲ့ နိုင်ငံရေးအလှည့်အပြောင်းကြီး တစ်ခုကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြပါပြီလို့ ပြောနိုင်ပါတယ်။

အဲဒီလိုရရှိထားတဲ့ နိုင်ငံရေး၊ စီးပွားရေးဖြစ်ထွန်းမှုများကို ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ အစိုးရအဆက်ဆက်က ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းခဲ့ကြပေမယ့် အဆုံးမသတ်သေးပါဘူး။ တကယ်တော့ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ဆိုတာ အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းနဲ့ မလုံလောက်သေးဘူး။ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဇာစ်မြစ်ကို ဖြေရှင်းနိုင်ဖို့အတွက် နိုင်ငံရေးနည်းလမ်းနဲ့လည်း ဖြေရှင်းပေးကြရမှာ ဖြစ်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်

ဒီနေ့ နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ခြေလှမ်းသစ်များဟာ ပြည်သူများအတွက် မျှော်လင့်ချက်တွေ ပိုမိုရှင်သန်စေခဲ့ပါတယ်။ တိုင်းရင်းသားများအားလုံးက ပြည်ထောင်စုမှ ခွဲထွက်ခြင်းမပြုဆိုတဲ့ သဘောထားရပ်တည်ချက်ကို အခိုင်အမာဆုပ်ကိုင်ထားမှုတွေကလည်း လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်များရဲ့ တိုးတက်မှုအဖြစ် တွေ့မြင်ကြရမှာပါ။

နိုင်ငံတော်အစိုးရအနေနဲ့ တစ်ပြည်လုံးအတိုင်းအတာထိ အကျုံးဝင်မယ့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် တစ်ရပ်ကို မကြာမီကာလမှာ လက်မှတ်ရေးထိုးဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ အခုလို ရေးထိုးပြီးတာနဲ့ နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပပြုလုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေကိုလည်း ပြုလုပ်နေတယ်လို့ သိရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ အချက်တွေကို အခြေခံမူအဖြစ်ခံယူပြီး နိုင်ငံရေးဆွေးနွေးမှု အားလုံးကို တံခါးဖွင့်ကြိုဆိုနေမယ်လို့လည်း အတိအလင်း ပြောကြားထားခဲ့ပါတယ်။

အခုတစ်လော တစ်တိုင်းပြည်လုံး၊ ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖောင်းပေးပြောလာခဲ့တာကို တွေ့ရပါတယ်။ ပြည်သူတွေအနေနဲ့ကလည်း နှစ်ပေါင်းများစွာ စစ်မီးဒဏ်တွေကြားမှာ နာတာရှည်ခရီးကြမ်းကြီးကို ဖြတ်သန်းခဲ့ကြရလို့ အလွန်မောပန်းနေကြပါပြီ။ မြန်မာ့မြေပေါ်မှာ စစ်မီးတွေ ငြိမ်းစေချင်ကြပါပြီ။ ငြိမ်းချမ်းရေးကို ဆာလောင်မွတ်သိပ်နေကြပါပြီ။

ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတကြီးက **"တိုင်းရင်းသားခေါင်းဆောင်တစ်ဦး မကြာသေးခင်က ပြောခဲ့တဲ့စကားလေး ကျွန်တော် ပြောပြချင်ပါတယ်။ (၁၈) နှစ်၊ (၁၉) နှစ်အရွယ်ရှိတဲ့ လက်နက်ကိုင်တိုင်းရင်းသားလူငယ်တွေက ပြောကြတယ်။ ကျွန်တော်တို့လည်း လက်တော့ပ်တွေ၊ ကွန်ပျူတာတွေကိုင်ချင်တယ်ဆိုတဲ့ စကားဖြစ်ပါတယ်။ ကျွန်တော် အခိုင်အမာ သန္နိဋ္ဌာန်ချထားပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ဒီလိုမယုံမရဲဖြစ်နေတဲ့ စိုးရွံ့မှုတွေ ပျောက်ပျက်အောင် ဖျောက်ပစ်ရပါမယ်။ ဒါဟာ ကျွန်တော်တို့အစိုးရရဲ့ ခံယူချက်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေ ခံစားနေကြရတဲ့ ခါးသီးတဲ့ဒဏ်ရာတွေ၊ ဆူးနစ်တဲ့ အတွေ့အကြုံတွေ၊ ပျောက်ဆုံးနေတဲ့ အိပ်မက်တွေအားလုံး ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့အားလုံးအတွက် သမိုင်းပေးတာဝန်တစ်ရပ်လည်း ဖြစ်ပါတယ်"** လို့ အစိုးရသက်တမ်း တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်မှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ အဲဒီမိန့်ခွန်းကြောင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေဟာ ယနေ့အထိ ရှင်သန်နေဆဲပါပဲ။

ဒီနေ့ မြန်မာ့နိုင်ငံရေးလမ်းကြောင်းမှာ ပါဝင်သူအားလုံးရဲ့ ရည်မှန်းချက်ဟာ ပြည်သူကို အလုပ်အကျွေးပြုဖို့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ပြည်သူများ ကောင်းစားရေး၊ နိုင်ငံကောင်းစားရေးပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခများဟာ ပြည်သူများကောင်းစားရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပဲ အဟန့်အတားဖြစ်နေပါတယ်။ အဲဒီအဟန့်အတားကြီးကို အားလုံးက အပြန်အလှန်နားလည်စာနာစွာ ဖြေရှင်းပေးဖို့ လိုအပ်နေပါတယ်။ အကွေ့အကောက် အတက်အကျ အဖြတ်အတောက်များစွာနဲ့ ခရီးကြမ်းနှင်ခဲ့ရတဲ့ မြန်မာ့နိုင်ငံရေးကို တည်တည်ငြိမ်ငြိမ် ဖြတ်သန်းကြဖို့အတွက် အားလုံးမှာ တာဝန်ရှိပါတယ်။ ဒီအချိန်မှာတော့ ငါမှန်တယ်၊ သူမှားတယ်ဆိုတဲ့ အစွဲတွေကို ရှေ့တန်းမတင်ဘဲ တတ်နိုင်သမျှ win for all ပုံစံနဲ့ ဖြေရှင်းသင့်ပါတယ်။ လူမျိုးစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲတွေက စွန့်ခွာပြီး အမျိုးသားရေးအမြင်၊ အမျိုးသားနိုင်ငံရေးအသိနဲ့ ဝိုင်းဝန်းအဖြေရှာကြမယ်ဆိုရင်တော့ လက်ရှိ မီးညွန့်ကျိုးစပြုနေတဲ့ ပြည်တွင်းစစ်မီးကို အောင်မြင်စွာ ငြိမ်းသတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မကြာခင် ကျင်းပတော့မယ့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးပွဲများနဲ့ နိုင်ငံရေးဆွေးနွေးပွဲများကို ကြိုဆိုရင်း ကျွန်တော်တို့ ပြည်သူတွေအားလုံးက စစ်မီးတွေ ငြိမ်းချိန်တန်ပါပြီဟု တွေးမြင်ခံစားနေမိပါတယ်။ ။

သုံးဘီးဆိုင်ကယ်အချို့ စည်းကမ်းလိုက်နာရန်လို

ပဲခူး နိုဝင်ဘာ ၄

ပဲခူးမြို့ပေါ်၌ ပြေးဆွဲနေသော သုံးဘီးဆိုင်ကယ်အချို့သည် ခရီးသည်များ စောင့်တင်ရာ၌ ပဲခူးမြို့ဈေးကြီးထိပ် ပဲခူးမြစ်ကူးတံတားအဝ နေရာတွင် မည်သည့်ယာဉ်မျှမရပ်ရဟု စည်ပင်သာယာရေးအဖွဲ့မှ ကြော်ငြာဆိုင်းဘုတ် စိုက်ထူသတ်မှတ်ထားသော်လည်း မြစ်ကူးတံတားထိပ်တွင် တစ်စီးနှင့်တစ်စီးထပ်၍ ခရီးသည်စောင့်တင်နေမှုကြောင့် လမ်းဖြတ်ကူးသောခရီးသွားများ သွားလာရန်အတွက် လမ်းမှာအလွန်ကျဉ်းမြောင်းနေပြီး ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ပါသဖြင့် ပဲခူးမြို့နယ် မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်သလို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှလည်း သံဆန်ခါများကာရံထားသင့်ကြောင်း ရေးသားလိုက်ရပါသည်။ **(မင်းသစ္စာ-ပဲခူး)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

တောင်သူလယ်သမားအခွင့်အရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး အမိန့်ကြော်ငြာစာများ အလျင်အမြန်ထုတ်ပြန်ပေးရေး အရေးကြီးအဆိုတင်သွင်း

နေပြည်တော် နိုဝင်ဘာ ၄

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **ရခိုင်ပြည်နယ်၏အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး ဘူးသီးတောင်၊ မောင်တောဒေသတွင် ဘက်စုံထောင့်စုံမှ ထိရောက်သော ပေါင်းစပ်ညှိနှိုင်းထားသည့် လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေး၊ အုပ်ချုပ်ရေးအစီအမံများကို ယခင်ကထက်သာလွန်ကောင်းမွန်သည့်အစီအမံများဖြင့် အမြန်ဆုံးချမှတ်စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်မောင်မောင်အုန်းက ပြည်ထောင်စုအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကိုကျော်လွှား၍ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ ရေတို၊ ရေရှည်တွင် ဆောင်ရွက်မည့်အစီအမံများနှင့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုအဆိုတွင်ပါရှိသည့် တင်ပြချက်များကိုလည်း အလေးထား သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်ထားနိုင်ရေး စဉ်းစားသုံးသပ်နိုင်ပါရန်တင်ပြအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။

အဆိုနှင့်ပတ်သက်၍ အဆိုရှင် **ဒေါ်ခင်စောဝေ**က "နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်(နစခ)အဖွဲ့ဟာ နယ်စပ်မြို့တွေမှာ လုံခြုံရေးကို ဘယ်လိုထိန်းသိမ်းဆောင်ရွက်ရမယ်ဆိုတာ နားလည်ကြပါတယ်။ နစခ ဖျက်သိမ်းပြီးနောက်ပိုင်း ရခိုင်ပြည်နယ်အတွင်းမှာ ပဋိပက္ခတွေ မကြာခဏ ဖြစ်ပေါ်နေတယ်။ ပြည်သူလူထုအနေနဲ့ နစခ ရုပ်သိမ်းလိုက်တဲ့အတွက် လုံခြုံရေးပိုင်းမှာ အားနည်းသွားတယ်လို့ ခံစားနေရပါတယ်။ ရဲတပ်ဖွဲ့ကို တာဝန်ပေးတဲ့အခါ အသစ်ကနေ ပြန်စနေရတဲ့အတွက် လုံခြုံရေးပိုင်းမှာ အားနည်းတယ်လို့ ခံစားရခြင်းဖြစ်ပါတယ်။ နစခထက် အင်အားတောင့်တင်းတဲ့အဖွဲ့မျိုးလိုချင်တဲ့အတွက် အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

အလားတူ ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့်က **၂၀၁၃ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များနှင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်များ၌ ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခဲ့မှုများဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ ထိခိုက်ဆုံးရှုံးမှုများရှိခဲ့သည့်အပြင် စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများ၊ စပါးခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ရေဘေးအန္တရာယ်ကျရောက်နေသည့် ပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရေး ပြည်ထောင်စုအစိုးရက အထူးအစီအစဉ်ဖြင့် ထိရောက်သည့်ပံ့ပိုးကူညီစောင့်ရှောက်မှုများ အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးရေး၊ တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေနှင့် ဆက်စပ်ဥပဒေများကို အမိန့်ကြော်ငြာစာများ အလျင်အမြန်ထုတ်ပြန်ပေးရေး** အရေးကြီးအဆိုကို တင်သွင်းရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်နေသည့်အပြင် နေ့စဉ်အဖွဲ့များ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်သည့်အတွက် အဆိုကို

ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ။

ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့်။

မှတ်တမ်းတင်ထားရှိသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အမှန်တကယ် ပျက်စီးသွားသော စိုက်ဧကများကို ကွင်းဆင်းစိစစ်တွက်ချက်ပြီး အချိန်မီ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့များက နိုင်ငံတော်အစိုးရသို့ အမြန်စိစစ်တင်ပြပြီး အတတ်နိုင်ဆုံးကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာများ အမြန်ဆက်လက်ဆောင်ရွက်နိုင်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ရာ ရေးဆွဲအကောင်အထည်ဖော်ရန် လာမည့်ရက်အနည်းငယ်အတွင်း ညှိနှိုင်းအစည်းအဝေးပြုလုပ်ရန်စီစဉ်ထားပြီးဖြစ်ကြောင်းသိရသည်။

ထို့အတူ ရေနစ်မြုပ်မှုနှင့်ကြုံတွေ့နေရသည့်ဒေသများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခြင်း၊ တိုင်းဒေသကြီးနှင့် ဒေသအာဏာပိုင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ NGO, INGO အဖွဲ့များက အကူအညီများပေးအပ်ခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုအထောက်အပံ့များပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ကူညီထောက်ပံ့မှုများလိုအပ်နေဆဲဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးသွားသည့်လယ်မြေများ၊ ကောက်ပဲသီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး၊ ရေဘေးဒုက္ခသည်များအား မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် အထောက်အပံ့များ လိုအပ်လျက်ရှိကြောင်းလည်း သိရှိရသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့ထားသော **သတင်းမီဒီယာဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးဆောင်ရွက်ပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း၏ **မင်းတပ်ခရိုင်မှ မြို့နယ်လေးခု၏ နယ်စပ်ဖြစ်သည့် လည်မြို့မြစ်ပတ်ဝန်းကျင်ဒေသရှိ မတူပီ-မားဒူး-ဝေလူး-ထိန်ကောင်း-ချိုင်းစနူး-မွှန်းတနူး-သံတောင် ဒေသဖွံ့ဖြိုးရေးအတွက် ကားလမ်းဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက အဆိုပါလမ်းကြောင်းသည် မိုင်(၁၅၀)ခန့်ရှည်လျားပြီး ဒေသ၏နယ်မြေအနေအထားအရ စနစ်တကျစီမံချက်ချမှတ်ကာ အပိုင်းလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်ကို လေ့လာသိရှိရပါကြောင်း။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နယ်မြေဒေသအခြေအနေအရ လတ်တလော ဦးစားပေးဆောင်ရွက်ရမည့် အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အရ စီစဉ်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ၎င်းနယ်မြေတွင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် အခြားလုပ်ငန်းများကို နယ်မြေဒေသဖွံ့ဖြိုးရေးစီမံချက်တွင် ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိပါသဖြင့် ကားလမ်းဖောက်လုပ်ပေးရန်လုပ်ငန်းကို လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အသေးစိတ်ကွင်းဆင်းလေ့လာရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၈)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

Diploma in Family Medicine သင်တန်းကို ၁၉၉၇ ခုနှစ်မှစတင်၍ ဆေးတက္ကသိုလ်များတွင် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်နေသော ပြင်ပအထွေထွေရောဂါကုဆရာဝန်များ၏ ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စဉ်ဆက်မပြတ် ဆေးပညာလေ့လာဆည်းပူးနိုင်ရေးအတွက် Diploma in Family Medicine ဘွဲ့လွန်သင်တန်းကို ၁၉၉၇ ခုနှစ်မှ စတင်၍ ဆေးတက္ကသိုလ်များတွင် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို အခြေခံအကျဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနေသော အထွေထွေရောဂါကုဆရာဝန်များအတွက် Family Medicine ဆေးပညာရပ်ကို ထိရောက်စွာမြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၏ ဘွဲ့ကြိုသင်တန်းအသီးသီးတို့တွင် Family Medicine ဘာသာရပ်အား သင်ရိုးညွှန်းတမ်းသီးခြားပြဋ္ဌာန်း၍ ၂၀၀၄ ပညာသင်နှစ်မှစ၍ ထည့်သွင်းသင်ကြားပေးလျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူဖွင့်လှစ်လျက်ရှိသော Family Medicine Diploma သင်တန်းကို Master သင်တန်းသို့ မြှင့်တင်ဆောင်ရွက်ပေးရန် လက်ရှိဖွင့်လှစ်ထားသော Diploma သင်တန်း၏ သင်ရိုးညွှန်းတမ်းကို ခေတ်ကာလအခြေအနေနှင့် လျော်ညီစွာ ပြင်ဆင်သုံးသပ်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲတွင် တင်ပြဆွေးနွေးပြီး ပြင်ဆင်ရေးဆွဲထားသည့် Diploma in Family Medicine သင်ရိုးညွှန်းတမ်းအသစ်ဖြင့် ၂၀၁၄ ခု ပညာသင်နှစ်မှစ၍ သင်ကြားပေးရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ယခု လောလောဆယ်တွင် ဒီပလိုမာသင်တန်းသာ ဖွင့်လှစ်ပို့ချလျက်ရှိသော်လည်း လိုအပ်ချက်ရှိပါက မဟာသိပ္ပံ သင်တန်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ရန် စီစဉ်သွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

ထို့ပြင် မြန်မာနိုင်ငံ ဆရာဝန်

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအောင်ချိုဦး။

အသင်းက တာဝန်ယူဆောင်ရွက်မည့် G.P ဆိုင်ရာ Systematic Institution တစ်ခုထူထောင်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ဆေးပညာနှင့်ဆေးပညာ နှီးနွှယ်ပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာ လက်မှတ်များဥပဒေ ရေးဆွဲအတည်ပြုပြီးလျှင် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအောင်ချိုဦး၏ **ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း လိုအပ်လျက်ရှိသည့် လျှပ်စစ်လုပ်ငန်းများအား သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက မိုးညိုမြို့သည် လက်ရှိဓာတ်အားရရှိနေပြီး ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းများမှ ဓာတ်အားပေးနိုင်မှု နိုင်နင်းလျက်ရှိပါကြောင်း၊ ထပ်မံလိုအပ်လာမည့် မီးသုံးသူများအတွက်(၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ (၃၃)ကေဗွီလိုင်း (၁၀)မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဟောင်းနွမ်းဆွေးမြည့်နေသော သစ်သားတိုင်နှင့်သံတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းနှင့် မြို့တွင်းလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအား နှစ်အလိုက်ရရှိသည့် ရန်ပုံငွေအပေါ်မူတည်ပြီး ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က **ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်**

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး။

အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် **နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** တို့ကိုလည်း ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို နိုဝင်ဘာ ၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သြစတြေးလျ ဘုရင်ခံချုပ်နှင့် ခင်ပွန်း ဦးဆောင်သောအဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ သြစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ်နှင့် ခင်ပွန်း မစ္စတာ မိုက်ကယ်ဘရိုက်စ်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျနိုင်ငံ သံအမတ်ကြီး Ms. Bronte Nadine Moules၊ သြစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိမ်းနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ညနေပိုင်းတွင် သြစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့် ခင်ပွန်းနှင့်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အမျိုးသမီးငယ်လေးနှစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူလေးများကလည်းကောင်း၊ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍လည်းကောင်း၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းဘေးဝဲ၊ ယာမှ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

❐ကျောဖုံးမှ

အာဆီယံဖိတ်ခေါ်ပီတန်းပြိုင်ပွဲကို အိမ်ရှင်မြန်မာအသင်းအပါအဝင် ထိုင်း၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာပီတန်းအဖွဲ့က ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးငါးခုဆွတ်ခူးရရှိခဲ့သည်။ မြန်မာပီတန်းအဖွဲ့အတွက် ရွှေတံဆိပ်နှစ်ခုကို ချောအိသူနှင့် သန်းဇော်ဦးတို့က ရယူပေးခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် ပီတန်းအားကစားနည်း၌ ရွှေတံဆိပ် ၁၁ ခုချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ၁၁ မျိုးထည့်သွင်းကျင်းပမည်ဖြစ်သည်။ မြန်မာပီတန်းအဖွဲ့သည် ပဏာမလက်ရွေးစင်ကစားသမား အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲတွင် ကစားသမား ၂၄ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာပီတန်းအဖွဲ့တွင် ကစားသမားများအဖြစ် အမျိုးသား-ကျော်ရင်၊ ထွေးကိုကို၊ သက်ဝေအောင်၊ ဝေယံလင်း၊ ဇော်လင်းထွန်း၊ မင်းမင်းထွန်း၊ ဇော်ဇော်လှိုင်၊ ဇော်မျိုးအောင်၊ ဇေယျာနိုင်၊ စောဇင်ကိုခိုင်၊ ငြိမ်းချမ်း၊ မျိုးဇော်ထူး၊ သက်နိုင်ဝင်း၊ သန်းဇော်ဦး၊ အမျိုးသမီး- ချောအိသူ၊ သဲစုစုအောင်၊ ပိုးအိမောင်၊ ယဉ်မင်းအေး၊ တင်တင်ဝေ၊ အိဖြူ၊ ယွန်းမီမီကျော်၊ ကံ့ကော်သန့်ဇင်၊ ဝါဝါလှိုင်၊ အေးအေးငြိမ်း၊ ပန်းအိဖြိုး၊ သင်းသင်းဝါထွန်း၊ နန်းပေါက်ပေါက်ဖြူနှင့် ခင်ချယ်ရီသက်တို့ ပါဝင်ကြသည်။

ဆီးဂိမ်းအကြိုခြင်းလုံးပြိုင်ပွဲ နိုဝင်ဘာ ၆ ရက်စတင်မည်

သတင်း-စိုင်းညီလေး၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ထည့်သွင်းကျင်းပမည့် ရိုးရာခြင်းလုံးပြိုင်ပွဲ၏ ဆီးဂိမ်းအကြိုပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကိုအမျိုးသားလေးသင်း၊ အမျိုးသမီးလေးသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်(က)အသင်းနှင့်(ခ)အသင်း၊ အထက်မြန်မာပြည်ကိုယ်စားပြုအသင်း၊ အောက်မြန်မာပြည် ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကိုပြည်တွင်းကစားသမားများဖြင့်သာ ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ နိုဝင်ဘာ ၆ ရက်တွင် အခြေခံအတွဲပြိုင်ပွဲ၊ နိုဝင်ဘာ ၇ ရက်တွင် အခြေခံမျိုးကွဲပြိုင်ပွဲ၊ အခြေခံမျိုးတူပြိုင်ပွဲ၊ နိုဝင်ဘာ ၈ ရက်တွင် ဒုတိယအဆင့်မျိုးကွဲပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၉ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ယခုဆီးဂိမ်းအကြိုခြင်းလုံးပြိုင်ပွဲအပြီးတွင် အပြီးသတ် ကစားသမားများကို ရွေးချယ်သွားမည်ဖြစ်သည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အဖွဲ့ တရားမ အထူးအယူခံမှု (၇)မှု စီရင်ချက်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး တရားမအထူးအယူခံမှု (၇) မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ပြစ်မှုဆိုင်ရာအထူးအယူခံမှု (၁)မှုနှင့် တရားမ အထူးအယူခံမှု (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

●ထာဝရငြိမ်းချမ်းရေးမှ

ရေးဆွဲသည့်အခါ အစိုးရအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အခြားအဓိကကျသည့် နိုင်ငံရေးအင်အားစုများလည်း ပါဝင်ရမည်ဖြစ်ပါကြောင်း၊ လူထုအခြေပြုအဖွဲ့အစည်းများ၏ အသံများကိုလည်း နားထောင်သွားရမည်ဖြစ်ပြီး အဓိကအင်အားစုများ လက်ခံသည့် မူဘောင်တစ်ခုအပေါ်အခြေခံ၍ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပသွားရမည်ဖြစ်ပါကြောင်းဖြင့် ဆက်လက်ပြောကြားခဲ့သည်။

အလားတူ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က မိမိတို့အဖွဲ့သည် နိုင်ငံတော်သမ္မတကိုယ်တိုင် ဖွဲ့စည်းစေလွှတ်လိုက်သည့် အဖွဲ့ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏သဝဏ်လွှာတွင် လိုင်ဇာအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ငြိမ်းချမ်းရေးပြန်လည်ဖော်ဆောင်ရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်းကို ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌဖြစ်သည့် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကလည်း တိုင်းရင်းသားခေါင်းဆောင်များအားလုံးနှင့် ကိုယ်စားလှယ်များ ကျန်းမာချမ်းသာစွာဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်ပါစေကြောင်းကို ဆုတောင်းစကားပါးလိုက်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယကကလည်း လက်ရှိကာလသည် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် အဓိကဖြစ်သော ပြည်ထောင်စုအတွင်း စစ်မှန်သောငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံသားများ၊ ကမ္ဘာ့နိုင်ငံအသီးသီး၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကလည်း လိုလားအားပေးကူညီသောအချိန် ဖြစ်ပါကြောင်း၊ လွှတ်တော်များကလည်း တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ဖွဲ့စည်းပြီး လွှတ်တော်များကျင်းပစဉ်ကပင် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကိုလည်း ဖွဲ့စည်းထားပြီး သက်ဆိုင်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အထောက်အကူပြုမည့် တိုင်းရင်းသားကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာရေးကော်မတီဖွဲ့စည်း၍ လေ့လာသုံးသပ်လျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း နှုတ်ခွန်းဆက်ပြောကြားလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက နိုင်ငံတော်သမ္မတ၏ ငြိမ်းချမ်းရေးဆိုင်ရာ မိန့်ခွန်းများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးဆိုင်ရာ သဘောထားများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို စားပွဲဝိုင်းတွင် ယခုလိုတွေ့မြင်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ယင်းသို့ပင်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပေးအပ်သည့် တာဝန်များကို တိတိကျကျ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယင်းကို သံသယမရှိစေလိုပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးအရဆွေးနွေးရန်အတွက် မူဘောင်တစ်ခုချမှတ်ရေး၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၊ ပြည်သူ၊ အချုပ်အခြာအာဏာနှင့် နယ်နိမိတ်တို့ကို ကိုယ်စားပြုပါကြောင်း၊ ယခုဆိုလျှင် အပစ်အခတ်ရပ်စဲရေးမှာ အထိုက်အလျောက် ခရီးရောက်ပြီဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ အများပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများ မျှော်မှန်းထားသည့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အတူ ကရင်အမျိုးသားအစည်းအရုံးမှ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက ယခုလိုတိုင်းရင်းသားအဖွဲ့များနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအဖွဲ့မှ တာဝန်ရှိသူများကို စုံစုံညီညီတွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ KNU အနေဖြင့် အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကို လက်ခံခဲ့ပါကြောင်း၊ နှစ်ပေါင်း (၆၀)ကျော်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် လူ့အသက်ပေါင်းများစွာနှင့် အိုးအိမ်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပါကြောင်း၊ သို့ဖြစ်၍ KNU (၁၅)ကြိမ်မြောက် ညီလာခံတွင် ပဋိပက္ခများကို စစ်မြေပြင်တွင် မည်သို့မျှဖြေရှင်း၍ မရနိုင်ကြောင်းကို ဆုံးဖြတ်ခဲ့ပါကြောင်း၊ စားပွဲဝိုင်းပေါ်တွင်သာ နိုင်ငံရေးနည်းအရ ဖြေရှင်းကြရန် KNU အနေဖြင့် ဆန္ဒရှိပါကြောင်း၊ သမ္မတကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံစဉ်ကလည်း မိမိတို့၏သဘောထားကို ထုတ်ဖော်ပြောကြားခဲ့ပါကြောင်း၊ KNU အနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် မရိုးသားသော စိတ်ထားများ မရှိခဲ့ပါကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် KNU အနေဖြင့် ဆွေးနွေးမှုများ ထပ်မံဆောင်ရွက်လိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များက အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြောကြားကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်များအဖွဲ့မှ ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့ခေါင်းဆောင် မွန်ပြည်သစ်ပါတီမှ ဦးနိုင်ဟံသာ၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီမှ ဦးခွန်ဥက္ကာနှင့် KIO မှ ဗိုလ်ချုပ်ဂွမ်မော်တို့က လိုင်ဇာကွန်ဖရင့် သဘောတူညီချက်များကို တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဦးအောင်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးတို့က ဆွေးနွေးချက်အပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲသည် ပြည်သူလူထုတစ်ရပ်လုံး၊ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လိုလားတောင့်တနေကြသည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးတို့အတွက် အရေးကြီးသည့်ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်ခဲ့ကြသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဆဋ္ဌမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ပစ်ခတ်

နေပြည်တော် နိုဝင်ဘာ ၄

(၂၇)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဆဋ္ဌမနေ့ပွဲစဉ်များဖြစ်သည့် ပစ္စတို(အမျိုးသား) ပွဲစဉ်(၄)အဖွဲ့လိုက်ပစ်ခတ်စဉ်နှင့် ပစ္စတို(အမျိုးသမီး)ပွဲစဉ်(၃) အဖွဲ့လိုက်ပစ်ခတ်စဉ်များကို မီတာ(၁၀၀) ပစ္စတိုစက်ပစ်ကွင်းတွင် လည်းကောင်း၊ ကာဘိုင်ပွဲစဉ်(၅) အဖွဲ့လိုက်ပစ်ခတ်စဉ်ကို မီတာ(၂၀၀)စက်ပစ်ကွင်းတွင် လည်းကောင်း၊ ရိုင်ဖယ်ပွဲစဉ်(၄) အဖွဲ့လိုက်ပစ်ခတ်စဉ်များကို မီတာ(၆၀၀)စက်ပစ်ကွင်းတွင် လည်းကောင်း ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အသီးသီးယှဉ်ပြိုင်ပစ်ခတ်ကြသည်။

ထို့နောက် ပဉ္စမနေ့ပွဲစဉ်များအတွက် ဆုချီးမြှင့်ပွဲအခမ်းအနားကို တပ်မတော်စက်ပစ်ကွင်း၌ကျင်းပရာ ရိုင်ဖယ်ပွဲစဉ်(၃) တစ်ဦးချင်းပစ်ခတ်စဉ်တွင် ပထမဆုနှင့် ဒုတိယဆုရရှိသော ဖိလစ်ပိုင်နိုင်ငံ သေနတ်ပစ်အသင်း၊ တတိယဆုရရှိသော အင်ဒိုနီးရှားနိုင်ငံသေနတ်ပစ်အသင်းတို့အား စင်ကာပူနိုင်ငံ သေနတ်ပစ်အသင်းခေါင်းဆောင် Lieutenant Colonel Peter Chee က လည်းကောင်း**(ယာပုံ)**၊ ပစ္စတို(အမျိုးသား)ပွဲစဉ်(၃) တစ်ဦးချင်းပစ်ခတ်စဉ်တွင် ပထမဆုရရှိသော စင်ကာပူနိုင်ငံ သေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော အင်ဒိုနီးရှားနိုင်ငံ သေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော ဖိလစ်ပိုင်နိုင်ငံ သေနတ်ပစ်အသင်းတို့အား အင်ဒိုနီးရှားနိုင်ငံ သေနတ်ပစ်အသင်းခေါင်းဆောင် Major Achiruddin က လည်းကောင်း၊ ကာဘိုင်ပွဲစဉ်(၄)အဖွဲ့လိုက်ပစ်ခတ်စဉ်တွင် ပထမဆုရရှိသော ထိုင်းနိုင်ငံသေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော အင်ဒိုနီးရှားနိုင်ငံသေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော ဖိလစ်ပိုင်နိုင်ငံသေနတ်ပစ်အသင်းတို့အား ကာဘိုင်ကွင်းမှူး ဒုတိယဗိုလ်မှူးကြီးသိန်းမိုးအောင်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကားလောကတွင် လိမ်ညာခံရသောဖြစ်ရပ်ကြောင့် ဈေးသက်သာမှုထက်ခိုင်မာမှုကို အလေးထားလာ

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်မြို့ရှိ ကားဝယ်ရောင်းဈေးကွက်တွင် ဈေးနှုန်းသက်သာမှုထက် မှန်ကန်ခိုင်မာမှုကို အလေးထားကာ အရောင်းအဝယ်ပြုလုပ်လာကြကြောင်း မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်းအတွင်းမှ သိရသည်။

မကြာသေးမီက ကားလောကအတွင်း ကျပ်သိန်းပေါင်းများစွာလိမ်လည်သော ဖြစ်ရပ်မျိုး ကြုံတွေ့ရပြီး ယင်းလိမ်လည်မှုတွင် ငွေဆုံးရှုံးသွားကြသူများလည်းရှိခဲ့ရာ အလားတူဖြစ်ရပ်မျိုးမကြုံတွေ့စေရန် ခိုင်မာမှုကို အဓိကထားလာကြခြင်းဖြစ်သည်။

"အခု ကားဈေးကွက်က အရောင်းအဝယ်ပြန်ဖြစ်လာပြီလို့တော့ပြောလို့ရတယ်။ ဒါပေမယ့် အရင်လိုမျိုး ပေါချောင်ကောင်းရှာတာမျိုးတွေ သိပ်မရှိတော့ဘူး။ အရင်ကတော့ဈေးသက်သာတဲ့နောက်လိုက်ကြတယ်။ ဈေးသက်သာတိုင်း မှန်ကန်မှုမရှိဘူးဆိုတာကို သိလာကြတယ်" ဟု ဝယ်ရောင်းတစ်ဦးက ပြောသည်။

ထိုကားဝယ်ရောင်းဈေးကွက်တွင် ဈေးနှုန်းသက်သာမှုနောက်ကိုလိုက်ကြသည့် ရောင်းဝယ်သူအချို့မှာ ကားဟောင်းအပ်နှံသော စလစ်မကပ်ဘဲ Show Roomစလစ်ဖြင့်သာရောင်းထုတ်ခြင်းကိုဝယ်ယူကြရာမှ လိမ်လည်ခံခဲ့ကြရခြင်းဖြစ်သည်။ "Show Room စလစ်က ဝယ်ရင်းကိုးသိန်းပဲကုန်တယ်။ စလစ်ကပ်ပေးမယ်ပြောပြီးတော့ ထုတ်ရောင်းတာကိုဝယ်ကြတယ်။ ပုံမှန်ဈေးထက် ၁၀ သိန်းလောက် သက်သာလည်းမနည်းဘူးဆိုတဲ့သူတွေ ခံလိုက်ရတာ။ ရောင်းတဲ့သူက မရှိတော့ဘူး။ စလစ်မကပ်ရသေးလို့နံပါတ်လည်း ယူလို့မရဘူး"ဟု ၎င်းက အခြေအနေကိုပြောပြသည်။

ထိုသို့ဝယ်ယူလိုက်သည့် ကားအစီးရေမှာ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိကားလောကအတွင်းတွင် စီးရေရာဂဏန်း ရှိနေသည်ဟု သိရသည်။

အဆိုပါ ယာဉ်ဟောင်းအပ်နှံသော စလစ်မကပ်ရသေးသည့်ကားများ နံပါတ်ရရန်အတွက် စလစ်ဝယ်ယူကပ်ရန်သာရှိနေပြီး စလစ်တစ်စောင်လျှင် ယခုအခါပြည်ပ၌ ကျပ်သိန်း ၁၀၀ အထက်တွင်ရှိနေကြောင်း၊ ကျပ် ၁၀ သိန်းလောက် သက်သာရန်စီစဉ်ရာမှ ကျပ်သိန်း ၁၀၀ ကျော်လောက်ထပ်ဖြည့်၍ ကုန်ကျဖွယ်ရာရှိနေကြောင်း ကိုယ်တိုင်ကြုံရသူတစ်ဦးက ပြောပြသည်။

ယခုကားဈေးကွက်တွင် အင်ဂျင်ပါဝါ ၁၃၀၀ စီစီရှိသောကားများသာ အရောင်းအဝယ်ဖြစ်လာကြပြီး အခြားကားများမှာ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်သည်ဟုဆိုရလောက်သော အခြေအနေမျိုးမရှိသေးကြောင်း ဆက်လက်သိရှိရသည်။

(၆၈၀)

တံတားဦးလေဆိပ်စားသောက်ဆိုင် မီးလောင်

တံတားဦး နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်အပေါ်ထပ်ယာဘက်ရှိ Espace ကဖေးနှင့် စားသောက်ဆိုင်ခန်းတွင် နိုဝင်ဘာ ၄ ရက် နံနက်အကူးအချိန်က ရေခဲသေတ္တာ Safeguard အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် ပေ ၃၀ × ပေ ၆၀ အကျယ်ရှိ အဆိုပါဆိုင်ခန်းနှင့် ဆိုင်ခန်းအတွင်းရှိပစ္စည်းများမီးလောင်ကျွမ်းရာ ကျပ်သိန်း ၃၅၀ ခန့် ဆုံးရှုံးကြောင်း မီးသတ်ဌာနမှ သိရသည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၃ စီး ရောက်ရှိပြီး မီးသတ်တပ်ဖွဲ့ဝင် ၅၉ ဦးနှင့် လေဆိပ်ဝန်ထမ်း ၁၅ ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပြီး မီးစတင်လောင်ကျွမ်းချိန်မှ မိနစ် ၃၀ အကြာတွင် မီးထိန်းနိုင်ပြီး နံနက် ၂ နာရီတွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် ပစ္စည်းများသာ ပျက်စီးဆုံးရှုံးမှုရှိပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိသည်။ **သတင်း-ဘဦး၊ ဓာတ်ပုံ-ကိုပေါက်(မန္တလေး)**

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မိုးရေကြီးမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ယာယီပြောင်းရွှေ့ခဲ့သူများ မိမိတို့နေအိမ်များတွင် ပြန်လည်နေထိုင်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့၌ ချောင်းရေများတက်ခြင်း၊ လမ်းမများပေါ် ရေကျော်ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးမှုဖြစ်ပွားရာတွင် တပ်ကုန်းမြို့နယ်၌ ဆင်သေချောင်းနှင့် နဝင်းချောင်းတို့တွင် ရေမြင့်တက်လာခဲ့မှုကြောင့် ကွင်းအမှတ်(၁၄၅၂)နှင့် (၁၄၅၈)တို့တွင် လယ် ၉၂ ဧကနှင့် ယာ ၃၇ ဒသမ ၅ ဧကတို့ ရေသုံးပေအမြင့်အထိ နစ်မြုပ်ခြင်းများဖြစ်ပွားခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် လူမှုရေးအဖွဲ့များက သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ အောက်တိုဘာ ၃၀ ရက်တွင် ရေကျသွားသဖြင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

ဇေယျာသီရိမြို့နယ်၌ သစ်တပ်ကျေးရွာအုပ်စု သစ်တပ်ကျေးရွာအနီး ပင်လောင်းလမ်းဆုံမီးပွိုင့်တွင် နရဘန်ချောင်း ရေလျှံတက်မှုကြောင့် လမ်းအရှည်ပေ ၃၀၀ ခန့်တွင် ရေကျော်ခဲ့ခြင်း၊ စည်ပင်ကြီးကျေးရွာရှိ အိမ်ခြေ ၄၀၀ ခန့်တို့မှာ ပေါင်းလောင်းမြစ်ရေမြင့်တက်လာမှုကြောင့် ကျေးရွာများအတွင်း ရေသုံးပေအမြင့်အထိ ဝင်ရောက်ခဲ့သည့်အတွက် အိမ်ခြေ ၁၀၀ ရှိ မိသားစုဝင်များအား ရေလွတ်သည့် ကုန်းမြင့်တည်ရှိရာ ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များကို ကျည်တောင်ကျေးရွာနှင့် ခေါမကျေးရွာများသို့ လည်းကောင်း၊ စည်ပင်ကြီးကျေးရွာတွင် နေအိမ် ၃၀ ခန့်အား ရေလွတ်ရာကုန်းမြင့်ပိုင်းသို့ ပြောင်းရွှေ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးနှင့် လူမှုရေးအဖွဲ့များသည် ရေကြီးနစ်မြုပ်သည့်နေရာများသို့ သွားရောက်၍ ကျေးရွာသူ ကျေးရွာသားများကို အားပေးစကားပြောကြားပြီး ဆန် ၈၉ အိတ်၊ ဆီ ပိဿာ ၆၀၊ ရေသန့် ၄၁၄ ဘူး၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၀၊ စားသောက်ကုန်နှင့် အဝတ်အထည်ပစ္စည်း ၂၀ မျိုးနှင့် ငွေကျပ် ၁၃ သိန်းခွဲတို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့သည်။ ရေဘေးသင့်ပြည်သူများသည် အောက်တိုဘာ ၃၁ ရက်တွင် ရေကျဆင်းသွားသဖြင့် သက်ဆိုင်ရာကျေးရွာများသို့ ပြန်လည်ရောက်ရှိနေထိုင်ပြီး ဖြစ်သည်။

ပျဉ်းမနားမြို့နယ်၌ ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာတွင် ဇီးဖြူပင်ရွာမြောက်ပိုင်း ပေါင်းလောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများအတွင်း ရေနစ်လက်မနှင့် ခြောက်လက်မအမြင့်အထိ ရေဝင်ရောက်ခဲ့မှုကြောင့် လူနေအိမ် ၄၃ လုံးနှင့် ပေါင်းလောင်းမြစ်အနောက်ဘက်ကမ်းရှိ လူနေအိမ် ၂၆ လုံးတို့မှ လူဦးရေ ၁၃၀ တို့အား ရေလွတ်ရာနေရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ အင်းသာကျေးရွာ၊ ကြို့တန်းကျေးရွာ၊ သာယာစုကျေးရွာများတွင် ရေဝင်ရောက်ခဲ့မှုကြောင့် အိမ်ထောင်စု ၃၃၅ စု လူဦးရေ ၁၄၆၅ ဦးနှင့် ဇီးဖြူပင်ကျေးရွာနှင့် သစ်ဆိမ့်ပင်ကျေးရွာရှိ အိမ်ထောင်စု ၄၁ စု လူဦးရေ ၁၅၈ ဦးအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ ကူးတို့ဆိပ်ကျေးရွာအုပ်စုနှင့် ဇီးဖြူပင်ကျေးရွာအုပ်စုတို့တွင် လယ်ယာမြေဧက ၁၆၀၀ ခန့်တွင်လည်းကောင်း၊ ရွာကောက်ရပ်ကွက် ပေါင်းလောင်း(၁)ရပ်ရှိ အိမ်ခြေ ၁၃၀ ခန့်တွင် ရေဝင်ရောက်ခဲ့သည်။ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် လူမှုရေးအသင်းအဖွဲ့များသည် ရေကြီးနစ်မြုပ်သည့်နေရာများသို့ သွားရောက်၍ ဆန် ၈၂ အိတ်၊ ဆီ ၇၅ ပိဿာ၊ ရေသန့်ပါကင် ၃၀၀၊ ခေါက်ဆွဲခြောက် ငါးဖာ၊ ငွေ ၁၁ သိန်းနှင့် အခြားစားသောက်ကုန်ပစ္စည်း ရှစ်မျိုးတို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့သည်။ ရေဘေးသင့်ပြည်သူများသည် နိုဝင်ဘာ ၁ ရက်တွင် ရေများကျဆင်းသွားသဖြင့် သက်ဆိုင်ရာကျေးရွာများတွင် ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည်။

လယ်ဝေးမြို့နယ်၌ သစ်ကြိမ်းကျေးရွာအုပ်စု ဟေမန်ကျေးရွာတွင် စစ်တောင်းမြစ်နှင့် မဲဟော်ချောင်းတို့တွင် ရေများလျှံတက်လာမှုကြောင့် ကျေးရွာများအတွင်း ရေသုံးပေအမြင့်အထိမြင့်တက်ခဲ့ပြီး အိမ်ထောင်စု ၁၂၄ စု လူဦးရေ ၅၆၆ ဦးနှင့် ကျွဲ/နွားများအား ဗောဓိကုန်းကျေးရွာရှိ ဗောဓိကုန်းဘုန်းတော်ကြီးကျောင်းတွင် ယာယီပြောင်းရွှေ့နေရာချထားပေးခြင်း၊ ရေကာကျေးရွာအုပ်စု သဖန်းပင်ကျေးရွာတွင် မြစ်ရေလျှံတက်မှုကြောင့် မြေနိမ့်ပိုင်းရှိ အိမ်ထောင်စု ၃၆ စု လူဦးရေ ၁၆၉ ဦးတို့အားလည်းကောင်း ရေလွတ်ရာနေရာသို့ ယာယီပြောင်းရွှေ့ပေးခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် လူမှုရေးအဖွဲ့များနှင့်အတူ ရေကြီးနစ်မြုပ်သည့်နေရာများသို့သွားရောက်၍ ဆန် ၄၃ အိတ်၊ ဆီ ၄၈ ပိဿာ၊ ခေါက်ဆွဲခြောက်ထုပ် ၂၀၀၀၊ ရေသန့်ဘူး ၃၀၀၀ နှင့် အခြားစားသောက်ကုန်ပစ္စည်းငါးမျိုးနှင့် ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။ ရေဘေးသင့်ပြည်သူများသည် အောက်တိုဘာ ၃၁ ရက်တွင် ရေကျဆင်းသွားသဖြင့် သက်ဆိုင်ရာကျေးရွာများရှိနေအိမ်များသို့ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် နှစ်စဉ်မိုးရာသီ၌ ချောင်းများမှ ရေလျှံတက်မှုများ ကြုံတွေ့နေရသဖြင့် ချောင်းဘေးဝဲ၊ ယာရှိ မြေနိမ့်သောကျေးရွာများကို ရေဘေးလွတ်သည့် ကုန်းမြင့်နေရာများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများသို့ ကြိုတင်သတ်မှတ်ပြောင်းရွှေ့ဆောင်ရွက်နိုင်ခဲ့ရာ ယခုအခါ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးများက ကြီးကြပ်၍ သက်ဆိုင်ရာကျေးရွာများရှိ နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးရွှေခိုင်စားသောက်ဆိုင်၌ ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်

မန္တလေး နိုဝင်ဘာ ၄

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက် (၃၅)လမ်း (၆၈)လမ်းနှင့် (၆၉)လမ်းကြား ရွှေခိုင်စားသောက်ဆိုင်အမှတ်(၅)တွင် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ဘုရားကျောင်းဆောင်၌ ဖယောင်းတိုင်ထွန်းထားရာမှ မီးစတင်လောင်ကျွမ်းရာ ပေ ၂၀ × ပေ ၃၀ သွပ်မိုး ထရံကာ ပျဉ်ခင်း နှစ်ထပ်အိမ်မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာန အထက်မြန်မာပြည်မီးသတ်တပ်ဖွဲ့ရုံးများ ကွပ်ကဲရေးမှူး ဦးအောင်ကျော်မြင့်၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးကြည်တိုးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ ဒေသအရန် ၇၅ ဦး၊ အုပ်ချုပ်ရေးယာဉ်တစ်စီး၊ မီးသတ်ယာဉ် ၁၅ စီးတို့ လာရောက်ငြိမ်းသတ်သဖြင့် နံနက် ၉ နာရီခွဲတွင် မီးငြိမ်းသွားသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အမှတ်(၃)ရဲစခန်းက (ပ)၄၅၃/၂၀၁၃၊ ပြစ်မှုပုဒ်မ-၂၈၅အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

အလားတူ အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် အမရပူရမြို့ နယ်မြေ(၁) ပွတ်တန်းရပ် ကိုကြည်သိန်း (၄၃)နှစ်နေအိမ်တွင် မီးဖိုမီးသုံးစွဲရာမှ စတင်လောင်ကျွမ်းရာ နေအိမ်ထရံမီးလောင်ခဲ့သဖြင့် အမရပူရနယ်မြေရဲစခန်း က (ပ)၄၅၅/၂၀၁၃၊ ပြစ်မှုပုဒ်မ-၂၈၅ အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(သီဟကိုကို-မန္တလေး)**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက် (၃၅)လမ်း (၆၈)လမ်းနှင့် (၆၉)လမ်းကြား ရွှေခိုင်စားသောက်ဆိုင် အမှတ်(၅) မီးလောင်မှုဖြစ်ပွားအပြီး တွေ့ရစဉ်။ (၀၀၂)

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ စစ်ကိုင်းတိုင်းရုံးချုပ်ဖွင့်

မုံရွာ နိုဝင်ဘာ ၄

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း (IKBZ Insurance Co.,Ltd.)၏ စစ်ကိုင်းတိုင်းရုံးချုပ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက မုံရွာမြို့ ရုံးကြီးရပ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် (၂၀)တွင် ကျင်းပခဲ့သည်။**(ယာပုံ)**

ယင်းအခမ်းအနားတွင် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက အမှာစကား ပြောကြားရာတွင် အာမခံလုပ်ငန်း သည် နိုင်ငံတော်၏ စီးပွားရေး လုပ်ငန်းများကို ကာကွယ်စောင့်ရှောက် နေရသော လုပ်ငန်းဖြစ်သဖြင့် ကိုယ်ရံတော်တပ်မှူးလုပ်ငန်းပင်ဖြစ် ကြောင်းနှင့် အာမခံလုပ်ငန်းနှင့် အာမခံလုပ်ငန်း၏ အကျိုးကျေးဇူး ရနိုင်ပုံများကို မြို့ကြီးပြကြီးများတွင် သာမက ကျေးလက်တောရွာများ အထိပါ အာမခံလုပ်ငန်းကို ပျံ့နှံ့ အောင် ဆောင်ရွက်ကြရန်နှင့် အာမခံ သည် နိုင်ငံတော်၏ ဆင်းရဲမွဲတေမှု ပပျောက်ရေးလုပ်ငန်းများတွင်လည်း တစ်ထောင့်တစ်နေရာမှ အထောက် အကူပြုလုပ်ငန်းတစ်ခုလည်း ဖြစ်ပါ ကြောင်း ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းကုမ္ပဏီ လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းကုမ္ပဏီ လီမိတက် စစ်ကိုင်းတိုင်းရုံးချုပ် ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာတွင် "အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် ပုဂ္ဂလိက အာမခံလုပ်ငန်း လိုင်စင်ရရှိသော ကုမ္ပဏီ ၁၁ ခုတွင် အပါအဝင်ဖြစ်ပြီး ၁၂-၆-၂၀၁၃ ရက်မှ စတင်၍ အာမခံလုပ်ငန်းများကို ရန်ကုန်မြို့ တွင် လည်းကောင်း၊ ၂၄-၉-၂၀၁၃ ရက်မှစတင်၍ အထက်မြန်မာ ပြည်(ရုံးချုပ်)ကို မန္တလေးမြို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(ရုံးချုပ်) ကို ၂၆-၉-၂၀၁၃ ရက်တွင် တောင်ကြီးမြို့၌ လည်းကောင်း၊ မွန် ပြည်နယ်(ရုံးချုပ်)ကို ၁၀-၁၀-၂၀၁၃ ရက်မှစတင်၍ မော်လမြိုင်မြို့၌ လည်းကောင်း စတင်ဖွင့်လှစ်ဆောင် ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ဖွင့်လှစ်သော စစ်ကိုင်းတိုင်းရုံးချုပ် သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရှိ ပြည်သူများ၏အသက်အိုးအိမ်၊ စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများ အတွက် လိုအပ်သော အာမခံ အကာအကွယ်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများကို အနီးကပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်"ဟု ရှင်းလင်းတင်ပြကြောင်း သိရသည်။

(ကြေးမုံ)

အပျော်စီးမီးပုံးပျံ ပြေးဆွဲမည်

မန္တလေး နိုဝင်ဘာ ၄

အပျော်စီးမီးပုံးပျံစီးခြင်းခရီးစဉ်ကို နိုဝင်ဘာ ၁၅ ရက်တွင် မန္တလေးမြို့ ချမ်းမြသာစည်လေယာဉ်ကွင်းမှ စတင်ထွက်ခွာမည်ဖြစ်ပြီး တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့် လေးဦးစီး၊ ရှစ်ဦးစီးအပျော်စီးမီးပုံးပျံသုံးစီးနှင့် မန္တလေး၊ စစ်ကိုင်း၊ ပုဂံညောင်ဦးဒေသများအထိ ဝေဟင်မှ မြန်မာ့အလှရှုခင်းများကို ကြည့်ရှုခံစားနိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

(၀၀၂)

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့ည ၇ နာရီ ၂၇ မိနစ် ၄၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၂၃၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(ကပ္ပလီ ပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းဆောင်ရွက်နိုင်သော ခေတ်မီရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) များအား စက်မှုဝန်ကြီးဌာန၌ လက်ငင်းငွေချေစနစ်အပြင် အရစ်ကျငွေပေးချေမှုစနစ်ဖြင့်လည်း ဝယ်ယူသုံးစွဲနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်လက်မှုလယ်ယာ စနစ်မှ စက်မှုလယ်ယာစနစ်သို့ ပထမအဆင့် ပြုပြင်ပြောင်းလဲရာတွင် တောင်သူလယ်သမားများ၏ လက်ငင်းလိုအပ်ချက်အတွက် ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) များအား စက်မှုဝန်ကြီး ဌာနနှင့် တောင်ကိုရီးယားနိုင်ငံတို့ ပူးပေါင်းထုတ်လုပ်ခဲ့ရာ စက်များကို ဖြန့်ဖြူးရန် အသင့်ရှိနေပြီးဖြစ်ကြောင်း သိရှိရပါသည်။

၂။ စက်မှုဝန်ကြီးဌာနတွင် မြင်းကောင်ရေ ၇၅ ကောင်အား အစီး ၂၀၀နှင့် မြင်းကောင်ရေ ၈၅ ကောင်အား အစီး ၂၀၀ စုစုပေါင်း အစီး ၄၀၀ အသင့် ထုတ်လုပ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လိုအပ်ချက်ရှိနေ သော ဒေသများသို့ လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ အရစ်ကျ ငွေချေစနစ်ဖြင့်လည်းကောင်း ဖြန့်ဖြူးပေးရန်အသင့်ရှိနေပြီး ယခုအခါ မိုးစပါးရာသီရိတ်သိမ်းရန် အချိန်မီဆက်သွယ်ဝယ်ယူအသုံးပြုနိုင်ရေး ကြေညာထားရှိပြီးကြောင်း သိရှိရပါသည်။

၃။ တောင်သူလယ်သမားများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်ကို အသုံး ပြုခြင်းအားဖြင့် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်လာစေမည့်အပြင် တစ်ဧကလျှင် အလေအလွင့် ၁၀ တင်းနှုန်းထက်မက လျော့နည်း သက်သာသွားစေပြီး စပါးအရည်အသွေးကိုလည်း ပိုမိုတိုးတက်ကောင်း မွန်စေမည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စက်မှုဝန်ကြီးဌာနသို့ ဆက်သွယ်ဝယ်ယူဖြန့်ဖြူးအသုံးပြုခြင်းဖြင့် ဒေသအလိုက်စပါး ထုတ်လုပ်မှု ပိုမိုတိုးတက်စေရုံမျှမက နောက်တစ်သီးစိုက်ပျိုးရန်အတွက် လည်း မြေပြုပြင်ချိန်လုံလောက်စွာ ရရှိစေနိုင်သည့်လက်ငင်းအကျိုး ကျေးဇူးရရှိစေနိုင်မည်ဖြစ်ပါသည်။

၅။ စက်မှုဝန်ကြီးဌာနအနေဖြင့် လိုအပ်သော After Sale Service များ ဆောင်ရွက်ပေးသွားမည့်အပြင် Spare Part များရရှိရေးအပါအဝင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း လက်ခံဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ညှိနှိုင်းချက်အရ သိရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများအတွက် လက်ငင်းလိုအပ်လျက် ရှိနေသော ရိတ်သိမ်းခြွေလှေ့စက်များ (Combine Harvester) ဖြန့်ဖြူးရန်အသင့်ဖြစ်နေပြီး ဖြစ်ပါသဖြင့် စက်မှုဝန်ကြီးဌာနသို့ တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဘိုကလေးမြို့နယ် ဒီရေတောများအတွင်း တောဆင်ရိုင်းဖမ်းဆီးရမိ

ဘိုကလေး နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိဒီရေတောများအတွင်း ရောက်ရှိနေသော တောဆင်ရိုင်းများကို သစ်ထုတ်ဌာနမှ ဆင်ရိုင်းဖမ်းအဖွဲ့က ဖမ်းဆီးရေးဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂ ရက် ည ၇ နာရီတွင် ဆင်ရိုင်းတစ်ကောင်ဖမ်းဆီးရမိခဲ့သည်။ ထိုသို့ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဒေါက်တာဇော်မင်းဦး(လက်ထောက်မန်နေဂျာ၊ ဆင်ဆေးကု၊ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန)က "ဆင်အမျိုးထဲမှ အစွယ်နှစ်ဖက်တိုတိုလေးပါတဲ့ ထီးဟန် အမျိုးအစားဆင်ထီးဖြစ်ပါတယ်၊ ဖမ်းလေ့ဖမ်းထမရှိတဲ့ ရွှံ့နွံထူထပ်တဲ့ ဒီရေတောလိုနေရာမျိုး မှာ ဖမ်းရတဲ့အတွက် ဆင်ယဉ်တွေအတွက် အခက်အခဲရှိပါတယ်။ ကျွန်တော်တို့အဖွဲ့ ပူးပေါင်းပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ မေ့ဆေးမှုတ်ပြောင်းနဲ့ဖမ်းတာပါ။ ယခင်တုန်းက မေ့ဆေးသေနတ်အသုံးပြုပြီး ဖမ်းပါတယ်။ ဒီဆင်ကို သာယာဝတီခရိုင်အတွင်းမှာရှိတဲ့ ပဲခူးရိုးမအနောက်ဘက်ခြမ်း (မြောက်ဇာမရီ) သစ်တောကြိုးဝိုင်း ဆင်ဘေးမဲ့တောကို ပို့ဆောင်မှာဖြစ်ပါတယ်" ဟုရှင်းပြခဲ့ကြောင်း သိရသည်။

(ဌေးနိုင်-ဘိုကလေး)

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြော

သံတွဲ နိုဝင်ဘာ ၄

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများ သန်းခေါင်စာရင်းနှင့် ပတ်သက်၍ အကျယ်တဝင့်သိရှိစေရန် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီက ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကင်းမော်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန သံတွဲခရိုင်ဦးစီးဌာနမှူး ဦးလှဌေးက ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအကြောင်း ရှင်းလင်းပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သံတွဲခရိုင်ဦးစီးအရာရှိ ဦးဇော်မိုးအောင်က ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရခြင်းရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများအကြောင်းကို လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန သံတွဲမြို့နယ် ဦးစီးဌာနမှူး ဦးကံကောင်းက အခြေခံကောက်ယူမည့် မေးခွန်းပုံစံများနှင့် အထောက်အကူပြုကော်မတီများ၏ လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး ပြည်သူများ၏မေးမြန်းမှုများကိုပြန်လည်ရှင်းလင်းပြောကြားသည်။ အဆိုပါဟောပြောပွဲသို့ ကင်းမော်ကျေးရွာအုပ်စုနှင့် ဥယျာဉ်ပြင် ကျေးရွာအုပ်စုတို့မှ ပြည်သူ ၅၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အိန္ဒိယ – မြန်မာချစ်ကြည်ရေးလမ်းပေါ်က နေရဥ္စရာတံတား

ကလေး နိုဝင်ဘာ ၄

ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးရှိ ရာဇဂြိုဟ်ဆည်အတွင်းသို့ စီးဆင်းလျက်ရှိသော နေရဥ္စရာမြစ်သည် ဖောင်ကူးကျေးရွာအနီးတွင် အဆိုပါ ချစ်ကြည်ရေးလမ်းမကိုဖြတ်ကျော်ပြီး သစ္စာမေတ္တာစေတီတော်၏ ဝဲဘက်တွင် ကွေ့ကောက်ကာ တောင်မှမြောက်သို့ စီးဆင်းလျက် မောရိယမြစ်(ခေါ်) မြစ်သာမြစ်ထဲသို့ စီးဝင်သွားသည်။

ဖောင်ကူးတံတား (ခေါ်) နေရဥ္စရာတံတားသည် အဆိုပါ နေရဥ္စရာမြစ်ကြီးကို ဖြတ်ကူးတည်ဆောက်ထားသည့် တံတားဖြစ်ပြီး အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမပေါ်တွင် တည်ရှိသည်။ နေရဥ္စရာတံတားကို ဖြတ်ကျော်ပြီးမှ ကလေးမြို့မှ ကဘော်ချိုင့်ဝှမ်း တမူးမြို့ကိုဖြတ်လျက် အိန္ဒိယနိုင်ငံသွားရာလမ်း၊ ကလေးမြို့မှ ချင်းတွင်းမြစ်၏ သဘော်ဆိပ်မြို့ ကလေးဝကို ဖြတ်လျက် မုံရွာ-မန္တလေး သွားရာယာကြီးလမ်း၊ မဟာမြိုင်လမ်းနှင့် မော်လိုက်လမ်းများကို ကျောထောက်နောက်ခံပြုထားသည့် တံတားဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့် ကုန်းလမ်းခရီးသွားဝန်ဆောင်မှုများတွင် အလွန်အထောက်အကူပြုသည့် တံတားကြီးလည်းဖြစ်သည်။

အဆိုပါ တံတားကြီးကို ကလေးမြို့နယ် ကလေး-ကျီကုန်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၂/၆)တွင် နေရဥ္စရာမြစ်ကိုဖြတ်၍ ခုံညားထည်ဝါစွာ တည်ဆောက်ခြင်းဖြစ်ပြီး တံတားအရှည် ပေ ၂၇၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ နှင့် ခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၂၇၀ ဖြစ်ကာ ခွင့်ပြုယာဉ် အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမပေါ်ရှိ နေရဥ္စရာတံတားသည် ၂၀၀၈ ခုနှစ် မေ ၁၅ ရက်တွင် စီမံကိန်းစတင်ပြီး ၂၀၁၀ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ပြီးစီးကာ ယခု အချိန်အထိ သုံးနှစ်တာကာလအတွင်း နေဒဏ်၊ မိုးဒဏ်၊ လေဒဏ်၊ ရေကြီးရေလျှံမှုဒဏ်များကို ကြံ့ကြံ့ခံလျက် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းမှ နိုင်ငံတော်၏ အကျိုးစီးပွားများကို မားမားမတ်မတ်သယ်ပိုး ဆောင်ရွက်လျက်ရှိသော တံတားတစ်စင်း ဖြစ်သည်နှင့်အညီ နေရဥ္စရာတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းရန်လိုကြောင်း ဂုဏ်ယူစွာဖြင့်ရေးသားလိုက်ပါသည်။

(ဂျိုးနက်)

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဆင်း

မြစ်ကြီးနား နိုဝင်ဘာ ၄

မြစ်ကြီးနားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၌ ဖွင့်လှစ်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင် ထိန်းသိမ်းမှု(အခြေခံ)သင်တန်းအမှတ်စဉ်(၁/၂၀၁၃) ဆင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသောင်းထိုက်က သင်တန်းဆင်း အမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို ဝန်ထမ်းများကိုယ်စား ထွန်စက်မောင်း(၄) ဦးချစ်ကိုနှင့်ဒေသခံတောင်သူများကိုယ်စား တပ်ကုန်းရပ်ကွက်မှ တောင်သူဦးလတောင်ထံ ပေးအပ်ခဲ့ကြောင်းသိရသည်။

(မိုယ်းကျ-မြစ်ကြီးနား)

UMTA မဟာဝိုး ခရီးသွားလုပ်ငန်းအဖွဲ့ Golden

ရန်ကုန် – ဂယာ – ရန်ကုန်

2013
NOV – 03,10,17,24
Dec – 01,08,15,22,29
2014
Jan – 05,12,19,26
Feb – 02,09,16,23
Mar – 02,09,16,23,30
Apr – 06,13,20,27

Nice Fare Travel Co.,Ltd.
No.5, Aung San Stadium, Mingalar Taung Nyunt Tsp, Ygn.
Hitoo Travels Co.,Ltd.
AYARWADDY LEGEND
No.104, 37th Street, Lower Block, Kyauktada Tsp, Ygn.
UA Ticketing & Tours
No.152, Sule Pagoda Road, Yangon

Golden ရန်ကုန် – ဂယာ – ရန်ကုန် ခရီးစဉ်သစ်ဖွင့်ပွဲ (10-Nov-2013)

အသွား-အပြန် (ချတ်) လက်မှတ်တစ်စောင် – (၃) သိန်း

ဘုရားဖူး (၃၀) ဦးသာ

ကျေးဇူးတင်လွှာ

... Asian Wings Airways ... Golden Myanmar Airlines ... Special Trip ... Nice Fare, Green Holiday ...

ကျေးဇူးတော်ပြန်မှု

မဟာဝိုး ခရီးသွားဘုရားဖူးအဖွဲ့

... Branch Office ... 476FC/2012-2013 ... Kusum Healthcare Pvt. Ltd. ...

Dermazole TIGRON Orgyl L-CET
Ascozin LOFLATIL Mukex PANTOSUM
Zomycin LOLIP SERVONEX DENIGMA
EMILAR ASART SAMPINE FANIGAN
KATARIA SAMPINE A KLOPI VERTISUM
MEZACAR TRANSTAT FLUSUM ENJOL
GRIPGO WOLVIT POLYMIC MOGINTIN ER
LARFIX DICLOTOL KENERTA

... Kusum Healthcare Pvt. Ltd. ...

ထိုင်းခြင်းလုံးအဖွဲ့ နေပြည်တော်၌ လေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ထိုင်းနိုင်ငံခြင်းလုံးအဖွဲ့သည် နေပြည်တော် GOLD CAMP လေ့ကျင့်ရေးကွင်း (၁)တွင် ရောက်ရှိလေ့ကျင့်နေကြောင်း သိရသည်။

ထိုင်းနိုင်ငံ ခြင်းလုံးအဖွဲ့ကို အုပ်ချုပ်သူအဖြစ် ထိုင်းနိုင်ငံသား မန်နေဂျာ Mr. Aphisak. Mansap က ဦးဆောင်ပြီး ထိုင်း(အမျိုးသား) ခြင်းလုံးအသင်းနည်းပြအဖြစ် Mr. Thong Chai Chaimano နှင့် ထိုင်း(အမျိုးသမီး)ခြင်းလုံးအသင်းနည်းပြအဖြစ် Mr. Atiyut Kimthong တို့ ဦးဆောင်သော အသင်းသားများကို မြန်မာ့ရိုးရာ ခြင်းလုံးအဖွဲ့ချုပ်မှ ဦးမျိုးလှိုင်က နေပြည်တော် GOLD CAMP တွင် တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

မြန်မာ့ရိုးရာ ခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ပေးချက်အရ ဦးမျိုးလှိုင်သည် ထိုင်းခြင်းလုံးအဖွဲ့ကို နေပြည်တော် GOLD CAMP လေ့ကျင့်ရေးကွင်း (၁)တွင် လေ့ကျင့်ပေးလျက်ရှိပြီး လာမည့်သီတင်းပတ်တွင် ထိုင်းခြင်းလုံးအဖွဲ့သည် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရက်မှသာ လာရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်းနှင့် မြန်မာ့ခြင်းလုံးအားကစားနည်းကို အထူးစိတ်ဝင်စားကြောင်း ထိုင်း(အမျိုးသမီး) ခြင်းလုံးနည်းပြ Mr. Atiyut Kimthong က ပြောကြားသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းမည့် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ယခုကဲ့သို့ နေပြည်တော် GOLD CAMP ၌ လာရောက်လေ့ကျင့်ခွင့်ပြုထားပေးခြင်းကြောင့် နိုင်ငံခြားသား ပြိုင်ပွဲဝင်အသင်းသားများသည် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို အထူးစိတ်ဝင်စားမှု မြင့်မားလာ၍ အခြားပြိုင်ပွဲဝင်မည့် အသင်းများကို စူးစမ်းအကဲခတ်ပြီး မိမိတို့အသင်း ရွှေတံဆိပ်ဆုရရှိရေးအတွက် စိတ်ရောကိုယ်ပါ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **(ကျော်သူရ-နေပြည်တော်)**

Expendables ဇာတ်ကားသစ်တွင် ပါဝင်မည့် ဟာရီစွန်ဖို့ဒ်

၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သည့် နာမည်ကျော်ဇာတ်ကား တစ်ကားဖြစ်သည့် Expendables 2 ဇာတ်ကား၏ နောက်ဆက်တွဲ Expendables 3 ဇာတ်ကားတွင် ဝါရင့် ဟောလိဝုဒ် မင်းသားကြီးတစ်ဦးဖြစ်သည့် ဟာရီစွန်ဖို့ဒ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

ဆီဗစ်စတာ စတားလုန်းနှင့် အာနိုးတို့ အတွဲညီခဲ့သည့် Expendables ဇာတ်လမ်းတွဲတွင် ပါဝင်ခွင့်ရရှိခဲ့ခြင်းအပေါ် ကျေနပ်မိပါကြောင်းနှင့် မင်းသားကြီး အာနိုးနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် အတူလက်တွဲခဲ့ဖူးကြောင်း အသက်(၇၁)နှစ်ရှိ မင်းသားကြီး ဖို့ဒ်က ပြောကြားခဲ့သည်။

"Expendables 3 ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့အတွက် စတားလုန်းနဲ့ စတင်ဆွေးနွေးခဲ့ပါတယ်။ သူရဲ့ ရုပ်ရှင်ထုတ်လုပ်ရေးပိုင်းရော၊ သရုပ်ဆောင်ပိုင်းကိုပါ လေးစားအားကျမိပါတယ်။ ကျွန်တော့်အတွက်တော့ အချိန်ကောင်းတွေ ရရှိဦးမှာပေါ့"ဟု ဖို့ဒ်က ဆိုသည်။

Expendables 3 ဇာတ်ကားကို Lionsgate ရုပ်ရှင်ထုတ်လုပ်ရေးမှ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ဖြန့်ချိပြသသွားမည်ဖြစ်သည်။

ဩစတြေးလျအထိ ထိုးဖောက်မည့် Crayon Pop အဖွဲ့

Bar Bar Bar သီချင်းသစ်ဖြင့် တောင်ကိုရီးယားဂီတလောကကို အချိန်တိုအတွင်း လွှမ်းမိုးနိုင်ခဲ့သည့် Crayon Pop အမည်ရှိ ဆယ်ကျော်သက်အမျိုးသမီးဂီတအဖွဲ့က ဩစတြေးလျနိုင်ငံ ဂီတလောကသို့ပါ ထိုးဖောက်နိုင်ရန် ပြင်ဆင်လျက်ရှိသည်။

Crayon Pop အဖွဲ့သည် ဩစတြေးလျနိုင်ငံတွင် ဂီတဖျော်ဖြေပွဲနှင့် ပရိုမိုးရှင်းပွဲများ တစ်ပတ်ကြာ ကျင်းပပြုလုပ်ရန်အတွက် နိုဝင်ဘာ ၃ ရက်တွင် တောင်ကိုရီးယားနိုင်ငံမှ စတင်ထွက်ခွာခဲ့ကြပြီး ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခြင်း၊ ဒေသတွင်းမီဒီယာများနှင့် တွေ့ဆုံခြင်းနှင့် ပျော်ပွဲရွှင်ပွဲအစီအစဉ်များတွင် ပရိသတ်များနှင့်အတူ ပါဝင်ဆင်နွှဲခြင်း စသည့်အစီအစဉ်များပြုလုပ်သွားကြမည်ဖြစ်သည်။

အဆိုပါ အဖွဲ့အနေဖြင့် ယမန်နှစ်ကလည်း ဩစတြေးလျနိုင်ငံသို့ သွားရောက်ကာ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများ ကျင်းပခဲ့ကြပြီး အခြားမြို့များသို့လည်း သွားရောက်ကာ ပရိသတ်များနှင့် တွေ့ဆုံပွဲများ ပြုလုပ်ခဲ့ကြသည်။ ယခု သွားရောက်သည့် ဩစတြေးလျ ဖျော်ဖြေပွဲများမှတစ်ဆင့် ပရိသတ်များက ၎င်းတို့အဖွဲ့အား ပိုမိုအသိအမှတ်ပြုလာနိုင်ရေး မျှော်လင့်ထားကြောင်းလည်း သိရသည်။

မျိုးစန္ဒာမောင်
စုစည်းတင်ပြသည်



အိမ်ကား ယာဉ်မောင်း(၃)ဦး အမြန်အလိုရှိသည်

- အသက် (၃၅ မှ ၄၅)နှစ်ကြား၊ အခြေခံပညာအထက်တန်းအဆင့် ရှိရမည်။
- လိုင်စင် (ဃ) (င)၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၅)နှစ်နှင့် အထက်ဖြစ်ရမည်။
- ဆေးလိပ်၊ အရက်၊ ကွမ်း(မသောက်၊ မစား)သူ ဖြစ်ရမည်။
- ကျန်းမာရေးကောင်းသူဖြစ်ရမည်။
- နယ်ခရီးသွားနိုင်ရမည်။
- Auto gear နှင့် ယာဉ်ငယ်မျိုးစုံ ကျွမ်းကျင်စွာ မောင်းနိုင်ရမည်။
- လစာ(၁၈၀၀၀၀ိ/-) ကျပ်နှင့် အထက် (ညှိနှိုင်း)

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၁၄၉၃၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်(၁၂၉၈)၊ မြေကွက်တည်နေရာအမှတ်(၁၂၉၈)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြောက်(ဦးမြင့်အောင်)(LSO-075209) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအားအမည်ပေါက် ဦးမြင့်အောင်ကွယ်လွန်သဖြင့် ဒေါ်နန်းစိန်[၁၂/ဒဂန(နိုင်)၀၁၅၅၅၃]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုဝင်ဘာမောင်နှမအတွက် မွေးနေ့ဆုမွန်လွှာ

ဘိုးဘိုး-ဘွားဘွားတို့၏ မြေးကြီး၊ မြေးအငယ်ဆုံးမလေး၊ ဦးဦး၊ ဒေါ်ဒေါ်တို့၏တူလေး၊ တူမလေး၊ ဖေဖေ၊ မေမေတို့၏ တစ်ဦးတည်းသောသား မောင်အောင်ခန့်ဖြိုး B.Sc(Maths) နှင့် တစ်ဦးတည်းသောသမီးငယ်လေး မကြယ်စင်လင်း Grade-7,(B) အထက(၂)၊ဗဟန်းတို့၏ ၁ရက် နှင့် ၅ရက်တို့တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ဘိုးဘိုး - ဗိုလ်မှူးကြီးမြသိန်း(ရေ)ငြိမ်း၊ သံအမတ်ကြီး(ငြိမ်း)
ဘွားဘွား - ဒေါ်နွယ်နွယ်စန်း
ဒေါ်ကြီး - **Dr.**မြင့်မြင့်မူ**(B.D.S)**-ဦးဦးဗိုလ်မှူးဗိုလ်စီ(ငြိမ်း)
ဘဘ - ဦးမင်းနွယ်**(C/E) MV. SUN SHINE**-အန်တီ-ဇီဝါဦး
ဖေဖေ - ဦးထိန်လင်း**(2/E)MV.PS PEARL AZIMUTH Co., Ltd.**
မေမေ - ဒေါ်သင်းသင်းအောင်

၂၀၁၃ ကွင်းဖွင့်ဖလားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သက်တမ်းအလိုက်ပြိုင်ပွဲများတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင်များက ဆုကြေးငွေနှင့် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာသန်းဌေးက အမျိုးသား၊ အမျိုးသမီးအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ (Mixed Double) တွင် ပထမ ဝင်းနိုင်ဦးနှင့် သန္တာအောင်အတွဲ၊ ဒုတိယ ငယ်နှောင်းနှင့်အေမီထွန်းအတွဲ၊ ပူးတွဲတတိယရရှိကြသော ဇော်ဆန်းဦးနှင့် မေသီထွန်းအတွဲ၊ ဇော်ဝင်းထွန်းနှင့် အေးဝတ်ရည်အတွဲတို့ အားလည်းကောင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အမှုဆောင် ဦးဇေယျသူရမွန်က အမျိုးသားအလွတ်တန်းနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမရရှိသော အောင်ကျော်နိုင်နှင့် ငယ်နှောင်းအတွဲ၊ ဒုတိယ မင်းမင်းနှင့် ဇင်ဘိုအတွဲ၊ ပူးတွဲတတိယ ရရှိကြသော ဇော်ဆန်းဦးနှင့်ဝင်နိုင်ဦးအတွဲနှင့်အောင်မိုးနှင့်ခင်မောင်ဝင်းအတွဲတို့အား လည်းကောင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဦးမျိုးသူရက အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ငယ်နှောင်း၊ ဒုတိယ အောင်ကျော်နိုင်၊ ပူးတွဲတတိယရရှိကြသော မင်းမင်းနှင့် ဝင်းနိုင်ဦးတို့အား လည်းကောင်း ဆုတံဆိပ်များနှင့်ဆုကြေးငွေများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အမျိုးသားအသင်းလိုက်ပြိုင်ပွဲ (Inter Club) တွင် ပထမရရှိသော My Friend အသင်း၊ ဒုတိယရရှိသော Excellent Unity အသင်း၊ ပူးတွဲတတိယရရှိကြသော Chin United အသင်းနှင့် အိုလံပစ်(က)အသင်းတို့အား ဆုတံဆိပ်များနှင့်ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ပြီး ပထမရရှိသော My Friend အသင်းအား **(အောက်ပုံ)** တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ကာ ၂၀၁၃ ခုနှစ် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးကြသည့် ကုမ္ပဏီများဖြစ်ကြသော Myanmar Distribution Group Co., Ltd.၊ Thet Paing Soe Co., Ltd.နှင့် Max Energy တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ကြေးမုံ)

ပဲရစ်မာစတာတင်းနစ်ဖလား နိုဗက်ဂျိုကိုဗစ် နှစ်ကြိမ်မြောက်ဆွတ်ခူး

အသက်(၂၆)နှစ်အရွယ်ရှိ တင်းနစ်အကျော်အမော်ဂျိုကိုဗစ်၏ ယခုနိုင်ပွဲသည် စက်တင်ဘာလအတွင်းက အမေရိကန်အိုးပင်း တင်းနစ်ဖလားနောက်ဆုံးဗိုလ်လုပွဲတွင် စပိန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်အား ရှုံးနိမ့်ခဲ့သည့်အချိန်မှစ၍ ၁၇ ပွဲဆက်တိုက်နိုင်ပွဲလည်း ဖြစ်ခဲ့သည်။ ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်၏ ယခု ပဲရစ်မာစတာတင်းနစ်ဖလား အပါအဝင် ၂၀၁၃ ခုနှစ်အတွင်း တင်းနစ်ဖလားခြောက်ကြိမ်အထိရရှိခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီလအတွင်းက ဩစတြေးလျအိုးပင်းဖလား၊ မတ်လအတွင်းက ဒူဘိုင်းချန်ပီယံရှစ်တင်းနစ်ဖလား၊ ဧပြီလအတွင်းက မွန်တီကာလိုမာစတာဖလား၊ အောက်တိုဘာလအတွင်းက တရုတ်အိုးပင်းဖလားနှင့် ရှန်ဟိုင်းမာစတာ တင်းနစ်ဖလား စသည်ဖြင့် တင်းနစ်ဖလားများ ဆွတ်ခူးနိုင်ခဲ့သည်။

ပဲရစ်မာစတာ တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းနောက်ဆုံးဗိုလ်လုပွဲအဖြစ် ကမ္ဘာ့အဆင့်(၂)တင်းနစ်အကျော်အမော် နိုဗက်ဂျိုကိုဗစ်နှင့် ယမန်နှစ်ချန်ပီယံ ဒေးဗစ်ဖာရာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က ဒေးဗစ်ဖာရာအား အနိုင်ရရှိကာ ၎င်း၏ ကစားသမားဘဝတစ်လျှောက် ဒုတိယအကြိမ်မြောက် ပဲရစ်မာစတာတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဂျိုကိုဗစ်သည် ပဲရစ်မာစတာတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်တင်းနစ်ကစားသမား ဒေးဗစ်ဖာရာအား ၁ နာရီနှင့် ၅၂ မိနစ်ကြာ ကစားကာ ၇-၅၊ ၇-၅ ဖြင့် အနိုင်ရရှိပြီး ပဲရစ်မာစတာတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပဲရစ်မာစတာ တင်းနစ်ဖလားကို ၂၀၀၉ ခုနှစ်က တစ်ကြိမ်ဆွတ်ခူးရရှိခဲ့ဖူးသူဖြစ်သည်။

ငွေကြယ်

ကာဒစ်ဖ်ပရိသတ်အားအကြမ်းဖက်ရန်ကြိုးစားခဲ့သဖြင့် ဆွမ်ဆီးကွင်းလယ်ကစားသမားရှက်ဗေး အရေးယူခံရနိုင်

ကာဒစ်ဖ်အသင်းနှင့် ဆွမ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၁၀)တွင် ဆွမ်ဆီးကွင်းလယ်ကစားသမားရှက်ဗေးအနေဖြင့် ကာဒစ်ဖ်အသင်းပရိသတ်အား အကြမ်းဖက်ရန်ကြိုးစားခဲ့သည့် အပြုအမူတစ်ရပ်ကို ရုပ်မြင်သံကြားအနှေးပြကွက်မှတစ်ဆင့် တွေ့မြင်ခဲ့ရပြီးနောက် ဘောလုံးအာဏာပိုင်များ၏ အရေးယူမှုခံရဖွယ်ရှိနေကြောင်း သိရသည်။

ယင်းပွဲစဉ်တွင် ဆွမ်ဆီးအသင်းသည် ကာဒစ်ဖ်အသင်း၏အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ရှက်ဗေးအနေဖြင့် နောက်ဆုံးခရာမှုတ်ချိန်တွင် ကာဒစ်ဖ်အသင်းပရိသတ်အား အကြမ်းဖက်ရန်ကြိုးစားခဲ့သည့် အပြုအမူတစ်ရပ်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းရွှေဟင်္သာစံကျောင်း ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲ

စစ်ကိုင်းရွှေဟင်္သာစံကျောင်း (၂၁)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ကပ်လှူပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်ကြပါရန် စံကျောင်းဒါယကာ၊ ဒါယိကာမများအား လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - "ရွှေဟင်္သာဆရာတော်ကြီးအထိမ်းအမှတ်ဓမ္မာရုံ"
စစ်ကိုင်းရွှေဟင်္သာစံကျောင်း၊ အမှတ်(၁၉/က)၊ သုခဝတီလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်)၊ မြေတိုင်းရပ်ကွက်(၄၁)၊ မြေကွက်အမှတ်(၃၅၆)၊ ပုန်းညက်လမ်း၊ အကျယ်အဝန်းပေ(၄၄×၆၀)၊ ဧရိယာ(၀. ၀၆၁)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုလက်ဝယ်ပိုင်ဆိုင်သူ ဦးပီမူးစလီ(ခ)ပိုင်ဒယား(N/RGN-၀၀၀၄၉၈) [၁၂/ဒဂမ(ပြု)၀၀၀၁၂၉]ထံ မှ ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါ သည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသောသူများက ကန့်ကွက်လို ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံတရားဝင်စာချုပ်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးဆုံးသည်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြမြခိုင်[၁၂/စခန(နိုင်)၀၂၀၃၀၂]
ဖုန်း-၀၉-၅၀၃၁၄၅၆၊ ၀၉-၅၀၆၃၈၄၂

"မိုးယံစစ်သည်" အမျိုးသမီး(ဘွဲ့ရ) ဗိုလ်လောင်းသင်တန်းဝင်ခွင့်

ဝန်ထမ်းများအတွက် သီးသန့်အချိန်ပေးမည်။ နယ်သမားများအတွက် ဘော်ဒါ လက်ခံသည်။

အမှတ်(၁၂၇)၊ အခန်း(၅)၊ ရန်နိုင်လမ်းသွယ်(၅) ၊ စာတိုက်မှတ်တိုင်အနီး၊ ရန်ကင်း၊ (၄)ရပ်ကွက်၊ ဖုန်း ၀၁-၅၇၂၉၄၄၊ ၀၉-၄၉၂၃၇၁၈၄၊ ၀၉ ၆၈၀၁၃၁၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးကျော်မင်း [၃/မဝတ(နိုင်)၀၀၄၄၁၀] နှင့် ဒေါ်ခင်ဝင်း [၃/မဝတ(နိုင်)၀၀၄၃၉၇]တို့၏ သားဖြစ်သူ မောင်ဇင်မျိုးမင်း[၃/မဝတ(နိုင်)၀၂၃၄၉၉]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိဘနှစ်ပါးမှ တာဝန်မယူကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးကျော်မင်း-ဒေါ်ခင်ဝင်း



ဘဲငန်းများလိုက်ဖမ်းသူ ရေနစ်သေဆုံး

တောင်ငူ နိုဝင်ဘာ ၄

တောင်ငူမြို့ ဆိပ်ဖူးတောင်ကျေးရွာ ပသိဆည်ရေပေးမြောင်းအတွင်း ပိုင်ရှင်မဲ့ဘဲငန်းများ လိုက်ဖမ်းရာမှ လူတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက်က ပသိဆည်ရေပေးမြောင်းအတွင်း ရေများပြည့်လျှံနေစဉ် ဆိတ်ဖူးတောင်ကျေးရွာနေ ဝင်လှိုင် (၃၇)နှစ်သည် ပိုင်ရှင်မဲ့ ဘဲငန်းများကို လိုက်လံဖမ်းဆီးရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်သည်။

ဝင်လှိုင်သေဆုံးခြင်းသည် တောင်ငူမြို့နယ်အနေဖြင့် ယခုနှစ်အတွင်း ဓမ္မတာအတိုင်း မဟုတ်သော သေဆုံးမှု ၂၇ ဦးမြောက်ဖြစ်ကာ တောင်ငူခရိုင်အနေဖြင့် ၁၂၂ ဦးမြောက် သေဆုံးခြင်းဖြစ်သည်။ ယင်းအမှုကို အမှတ် (၃)ရဲစခန်းက တာဝန်ယူစစ်ဆေးလျက်ရှိသည်။

(ကျော်စွာ-တောင်ငူ)

ပေ ၂၀၀ ခန့် ချောက်ထဲသို့ မော်တော်ယာဉ်ထိုးကျ မဟာဓာတ်အားလိုင်းလုပ်သား ၁၅ ဦး ဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၄

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မြယာရွာအနီး ပြည်-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ်(၅၈/၄) တွင် နိုဝင်ဘာ ၂ ရက်က ပြည်မှတောင်ကုတ်သို့ မဟာဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းလုပ်သားများအား တင်ဆောင်ပြီး ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်နေ နိုင်ကြီး(ခ)မောင်မောင်နိုင်(ခ)ကိုကိုနိုင်(၃၉)နှစ် မောင်းနှင်လာသည့် ၉၄/----ယာဉ်သည် ကားလမ်းယာဘက်ရှိ ပေ ၂၀၀ ခန့်ရှိသည့် ချောက်အတွင်း ထိုးကျသွားခဲ့သည်။

အခင်းဖြစ်နေရာသို့ တောင်ပုံကြီးရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြယာကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြယာအခြေပြုတာဝါတိုင်လုပ်သားအဖွဲ့တို့ သွားရောက်ပြီး ယာဉ်ပေါ်တွင်လိုက်ပါလာသည့် နိုင်ကြီး(ခ) မောင်မောင်နိုင်(ခ)ကိုကိုနိုင်ပါ ၁၅ ဦးအား ချောက်အတွင်းမှ ကားလမ်းပေါ်သို့ ဆယ်ယူခဲ့ရာ ပြည်မြို့ အောင်ချမ်းသာရပ်ကွက်နေ အောင်မျိုးနိုင်(၃၀)နှစ်ပါ ခုနစ်ဦးကို ညနေ ၃ နာရီကျော်တွင် လည်းကောင်း၊ နိုင်ကြီး(ခ)မောင်မောင်နိုင်(ခ)ကိုကိုနိုင်ပါ ရှစ်ဦးကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် လည်းကောင်း ကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့တွင် ဖူးရောင်ပွန်းပဲ့ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် တောင်ကုတ်ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသခဲ့ကာ နိုင်ကြီး(ခ)မောင်မောင်နိုင်(ခ)ကိုကိုနိုင်အား တောင်ကုတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲ ပြန် ကြား

ငွေကျပ်သိန်း ၂၇၀ တန်ဖိုးရှိ ဘိန်းဆီခဲများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၄

ရှမ်းပြည်နယ် မူဆယ်မြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် အမှတ်(၁၀)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(နေပြည်တော်)မှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂ ရက်က သတင်းအရ သက်သေများနှင့်အတူ (၁၀၅)မိုင်မှ မူဆယ်သို့ မူဆယ်မြို့ နမ့်အွမ်ကျေးရွာအုပ်စု ကောင်းဝိန်းကျေးရွာနေ ရှယ်မီးတီ (၂၁)နှစ်မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဆိုင်ကယ် Tool Box အတွင်းမှ ဘိန်းဆီခဲ ၅ ဒသမ ၄ ကီလို(တန်ဖိုးငွေကျပ်သိန်း ၂၇၀) အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အင်ဂျင်စက်အား မီးဖြင့်အပူပေးပြီး စက်နှိုးရာမှ မီးလောင်မှုဖြစ်ပွား

နေပြည်တော် နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဒဟတ်ပင်ရေနံမြေလုပ်ကွက် အမှတ်(၅) အနောက်မြောက်ဘက်ရှိ ဦးချောပို(၄၅)နှစ်၏ ရေနံတွင်း၌ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျွန်းပင်စုရွာနေ ရေနံခပ်လုပ်သား ဖိုးလုံး(၂၂)နှစ်သည် နိုဝင်ဘာ ၂ ရက် နံနက်က ရေနံခပ်ရန်အတွက် တရုတ်နီအင်ဂျင်စက်အား မီးဖြင့်အပူပေးပြီး စက်နှိုးရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ ဒဟတ်ပင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ လင်းကယ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ညောင်ဝိုင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် အနီးဝန်းကျင်ရှိ ပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

တယ်လီဖုန်းဆင်းကတ်ခွဲတမ်း မကျေနပ်သူ အမျိုးသမီးတစ်ဦးက ရာအိမ်မှူးအား ဆိုင်ကယ်ဦးထုပ်ဖြင့်ရိုက်

မိတ္ထီလာ နိုဝင်ဘာ ၄

မိတ္ထီလာမြို့ မြို့မ(၄)ရပ်ကွက်တွင် အောက်တိုဘာလအတွက်ရရှိသည့် GSM ဆင်းကတ် ၆၇ လုံးကို မြို့မ(၄)ရပ်ကွက်ရုံး၌ အောက်တိုဘာ ၃၁ ရက်က မဲနှိုက်၍ ပေးခဲ့သည်။ ထိုသို့ မဲနှိုက်ပေးပြီး ဆိုင်းတန်းရပ်ကွက်မှ ရာအိမ်မှူးဦးအေးလွင် (၆၇)နှစ်သည် အိမ်ပြန်၍ထမင်းစားနေစဉ် တစ်ရပ်ကွက်တည်းနေ မ.....(၃၀)နှစ်က အိမ်ရှေ့တွင် ဆူညံစွာအော်ဟစ်ပြောဆိုသဖြင့် အိမ်ရှေ့ထွက်၍ ဘာဖြစ်သလဲဟု မေးရာ ၎င်း၏သမီးအား ဖုန်းမဲစာရင်းမှပယ်ဖျက် သည့်ကိစ္စနှင့် မကျေနပ်ကာ ပြောဆိုနေကြောင်းသိရပြီး မကျေနပ်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ပြောဆိုရန် ပြောကြားစဉ် မ....က အသင့်ပါလာသည့် ဆိုင်ကယ်စီးဦးထုပ်ဖြင့် ဦးအေးလွင်အား ရိုက်ရာ ဦးအေးလွင်မှာ ဝဲမျက်လုံးဘေးတွင် နာကျင်ဒဏ်ရာရရှိသွားသဖြင့် မကျေနပ်၍ မြို့မရဲစခန်းတွင် တရားလိုပြုလုပ်ပြီး အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

(တင်လှိုင်-မိတ္ထီလာ)

ဓားဖြင့်အကြောင်းမဲ့လိုက်ခုတ်သူကို အရေးယူ

ခင်ဦး နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ညောင်ကန်ကျေးရွာ၌ လူနှစ်ဦးကို အကြောင်းမဲ့ဓားဖြင့် လိုက်လံခုတ်သူအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ညောင်ကန်ကျေးရွာနေ ဦးကျော်အောင်၏ နေအိမ်နောက်ဖေးတွင် ဓားသွေးနေသူ ကိုအောင်ထွန်းအား ဦးကျော်အောင်၏သား ထွန်းမြင့်က နေအိမ်ထဲမှ ထွက်လာပြီး ဓားဖြင့်ခုတ်လိုက်ရာ ဓားသွေးနေသူ ကိုအောင်ထွန်း (၄၉)နှစ်မှာ ဒဏ်ရာရရှိသွားပြီး ဓားဖြင့်ခုတ်သူ ထွန်းမြင့်သည် ရွာအပြင်သို့ ထွက်ပြေးသွားကာ ရွာအပြင်၌ ဆိတ်ကျောင်းနေသူ ကိုပေါ်ဦး(၃၈)နှစ်ကို ဆက်လက်ခုတ်ရာ ဒဏ်ရာရရှိသွားကြောင်း သိရသဖြင့် ခင်ဦးရဲစခန်းက ထွန်းမြင့်အား ဖမ်းဆီးထားပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရောင်နီတင်ဝင်း)

သားလေး သုခသွေး(ခ)တုံတုံ
(၃)နှစ်ပြည့်မွေးနေ့မင်္ဂလာဆုတောင်း

အမျိုးကောင်းသား	ရတနာကြားက
ဖွားမြောက်ယှဉ်ယှဉ်	ဘိုးဘွားတုံ့ချစ်
ရင်နှစ်သည်းခြာ	မြေးရတနာလေး
"သုခသွေး"၏	မွေးနေ့မင်္ဂလာ
(၃)နှစ်မြောက်နေ့	နှစ်တစ်ရာပြည့်တိုင်
သုခပိုင်စေ	ကောင်းမှုတောင်းဆုပြည့်ပါစေ။

ဘိုးဘိုး-ဘွားဘွား - ဗိုလ်မှူးစောလှိုင်(ငြိမ်း)-ဒေါ်ခင်ခင်ဝင်း
ဘိုးဘိုး-ဘွားဘွား - ဦးအေးမြင့်-ဒေါ်ခင်သန္တာဝေ
(လှသီတာစိန်ရွှေရတနာဆိုင်-သမိုင်းဘူတာရုံလမ်း)
ဖေဖေ-မေမေ - ဗိုလ်မှူးစိုးငြိမ်းထွန်း(ငြိမ်း)-ဒေါ်အေးနန္ဒာဝေ
မမ - မလေပြေသွေး(ခ)ဖူးဖူး Grade II-B(TTC)

ဦးအောင်နိုင်
CPA
LCCI Level I, II, III

မိတ္ထီလာမြို့နယ်လုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်

မိတ္ထီလာ နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက်၁၀နာရီက တောမကျေးရွာအုပ်စု ဈေးကုန်းကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်မောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသိန်းထွန်းဇော်က လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးနိုင်ရန် စီမံဆောင်ရွက်ခဲ့သည်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ ခရိုင်မြေစာရင်းဦးစီးမှူးဦးဝင်းကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်မြေစာရင်း ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာပေါင်း ၃၇၉ ရွာမှ လယ်ယာမြေမှတ်ပုံတင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်သည့် တောင်သူများ၏ ဦးပိုင်ပေါင်း ၁၂၈၂၁၉ ခုကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ပေးအပ်သည်။ ဆက်လက်၍ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များ ထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

(၅၇၉)

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအမီ မင်္ဂလာ–မန္တလေး စီမံကိန်းကို နေ့ဆိုင်းညဆိုင်းဖြင့် တည်ဆောက်

မန္တလေး နိုဝင်ဘာ ၄

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်နယူးစတားလိုက် CAD ဆောက်လုပ်ရေးတို့အကျိုးတူပူးပေါင်း၍ မြေဧက ၄၇ ဧကအကျယ်တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၅ ရက်မှစတင် ဆောင်ရွက်လျက်ရှိသော မင်္ဂလာ-မန္တလေးစီမံကိန်း ပထမအဆင့်တွင် လေးခန်းတွဲလူနေတိုက်ခန်း ၁၂၅ ခန်း၊ အိုးရှင်းစူပါစင်တာ ငါးထပ်တို့ တည်ဆောက်လျက်ရှိပြီး မန္တလေးမြို့စည်ပင်သာယာရေး ကော်မတီပိုင် အိပ်ခန်း ၅၃ ခန်းပါ ကြယ်သုံးပွင့်ဟိုတယ် ကွန်ဒိုမီနီယံတို့ကိုလည်း(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအမီ ပြီးစီးရေးအတွက်လုပ်သား၂၀၀၀ ဖြင့်နေ့ဆိုင်းညဆိုင်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။**(အပေါ်ပုံ)**

မင်္ဂလာ-မန္တလေး စီမံကိန်းသည် ချမ်းမြသာစည်မြို့နယ် (၇၃)လမ်း သဇင်လမ်းနှင့်ငုဝါလမ်းကြား မန္တလာသီရိ အားကစားကွင်းသစ်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိပြီး မြေအောက်ရေဆိုးထုတ်စနစ်၊ ကိုယ်ပိုင်ထရန်စဖော်မာ ဓာတ်အားပေးစနစ်၊ ငလျင်ဒဏ်(၈)ရစ်ချ်တာစကေးအဆင့်ထိ ခံနိုင်ရည်ရှိစေရန် ပြည်တွင်းပြည်ပအင်ဂျင်နီယာများနှင့် ပညာရှင်များပူးပေါင်း၍ တည်ဆောက်လျက်ရှိသည်။

မန္တလေးသီရိအားကစားကွင်းသစ်ကြီး ပတ်လည်နှင့်(၇၃)လမ်းတို့အား နိုင်လွန်ကတ္တရာခင်းခြင်း၊ ပလက်ဖောင်းခင်းခြင်း၊ LED မီးတိုင်များစိုက်ထူခြင်း၊ အရိပ်ရပင်နှင့်ပန်းအလှပင်များကို စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။ **(သီဟကိုကို-မန္တလေး)**

စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ကြသောင်းဝါးရောင်းအားကောင်း

တောင်ငူ နိုဝင်ဘာ ၄

စစ်တောင်းမြစ်ရေကြီးမှုကြောင့် တောင်ငူမြို့တွင် ကြသောင်းဝါးများ ရောင်းအားမြင့်တက်လျက် ရှိပြီး အချို့နေရာများတွင် ဝယ်ယူ၍ မရအောင်ပင်ပစ္စည်းပြတ်လပ်သွားကြောင်း သိရသည်။ အောက်တိုဘာ ၃၀ ရက်မှစ၍ အနိမ့်ပိုင်းရပ်ကွက်များတွင် နေအိမ်များအတွင်း ရေများတဖြည်းဖြည်း ဝင်ရောက်လာရာ နေအိမ် အတွင်းရှိပစ္စည်းများကို တဖြည်းဖြည်းချင်းသယ်ယူရာတွင် ဝါးဖောင်များအား **(အောက်ပုံ)** အဓိကအသုံးပြုကြသဖြင့် ယခုကဲ့သို့ ဝါးဈေးနှုန်းမြင့်ခြင်းဖြစ်သည်။ ဝါးတစ်လုံးလျှင် ပုံမှန်အားဖြင့် ငွေကျပ် ၆၀၀၊ ကျပ် ၇၀၀ သာရှိရာမှ ငွေကျပ် ၁၅၀၀ အထိ ဈေးတက်သွားကြောင်း သိရသည်။

(၅၇၈)

စာချုပ်စာတမ်းအတုဖြင့် မြေကွက်ရောင်းချသူ စစ်ဆေးအရေးယူ

မန္တလေး နိုဝင်ဘာ ၄

မန္တလေးမြို့မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်နေ ဒေါ်သန်းသန်းဝင်း(၅၀)နှစ်သည် နေအိမ်၌ ရှိနေစဉ် တစ်ရပ်ကွက်တည်းနေဒေါ်နီနီလွင်ရောက်ရှိလာပြီး ၎င်းပိုင်ဆိုင်သော ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် အကွက်အမှတ် ဇ၉-၃၆ဦးပိုင်အမှတ် (၃၃)၏အနောက်ဘက်ခြမ်း (၁၅×၄၀)ပေ မြေကွက်အားကျပ်သိန်း ၁၂၀ ဖြင့်ရောင်းချလိုကြောင်း ပြောသဖြင့်ဒေါ်သန်းသန်းဝင်းမှငွေပေးချေ၍ ယင်းမြေကွက်အား ခြံဝင်းခတ်ရန် သွားရောက်သည့်အခါ ပိုင်ရှင်ရှိနေကြောင်းနှင့်စာချုပ်စာတမ်းအတုပြုလုပ်ရောင်းချကြောင်း သိရသဖြင့် အောက်တိုဘာ ၃၁ ရက်တွင် ဒေါ်သန်းသန်းဝင်းကတိုင်တန်း၍ ဒေါ်နီနီလွင်အား မဟာအောင်မြေမြို့နယ် ရဲစခန်းကအမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

အစိုးရကြော်ငြာ

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်(နိုင်ငံခြား) (Myanmar News Agency)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး(၁၀)နေရာနှင့် စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး(၆)နေရာတို့အတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) အသက်(၂၀)မှ (၃၀)နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်သည်။
(၃) အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် B.A(Journalism)များ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ မဟာဘွဲ့ရရှိသူများ၊ စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် နိုင်ငံခြားဘာသာတက္ကသိုလ်မှ English ဘွဲ့ရများ။
(၄) ဝန်ထမ်းဖြစ်ပါက ၃၁-၁၀-၂၀၁၃ ရက်တွင် အသက်(၃၅)နှစ်အတွင်း၊ သက်ဆိုင်ရာဌာနအကြီးအကဲ၏ခွင့်ပြုချက်နှင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို ၃၀-၁၁-၂၀၁၃ ရက် နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ မန်နေဂျာ(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

နေပြည်တော်၌ ရေးဖြေနှင့်လူတွေ့မေးမြန်းခြင်း ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန (အခြေစိုက်အလုပ်ရုံ -၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၆-၁၁-၂၀၁၃ရက်နှင့် (စနေ/တနင်္ဂနွေ) အထူးသင်တန်းကို ၉-၁၁-၂၀၁၃ရက်တွင် ဖွင့်ပါမည်။ ၂၁-၁၀-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ သင်တန်းသားဦးရေကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၄-၁၁-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာနမှ သာကေတ ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သော 33KV CT ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများမှ အသုံးပြုပြီး ပစ္စည်းအဟောင်းများဖြစ်သော

(၁) တာယာ(၁၆၆၆လုံး)၊ (၂) ဘက်ထရီ(၃၀၉ လုံး)၊ (၃) ပိုဇိုလန်အိတ်ခွံ(၃၄၄၁လုံး)၊ (၄) ပီပါခွံ(၂၀၀လုံး)၊ (၅) ဘိလပ်မြေအိတ်ခွံ (အကောင်း ၉၀၀၀၀လုံး)၊ (၆) ဘိလပ်မြေအိတ်ခွံ (အပျက် ၂၀၀၀၀လုံး)၊ (၇) Stator Sheet (၄၃၃၈၆ ချပ်)၊ (၈) စက်အရန်ပစ္စည်း(၁၀Lot)တို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်လေလံများကို ကြော်ငြာပါသည့်နေ့မှစ၍ စတင်ရောင်းချမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံပိတ်ရက် - ၃-၁၂-၂၀၁၃ ရက်၊ (အင်္ဂါနေ့)၊ ၁၂:၀၀ နာရီ

၃။ အသေးစိတ်အချက်အလက်များနှင့်လေလံပုံစံအား ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၂၄၁၊ ၄၁၁၂၃၁ သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ
(ခ) စက်နှင့်စက်ပစ္စည်းများ
(ဂ) P.A System
(ဃ) ရုံးသုံးပရိဘောဂပစ္စည်းများ

၂။ တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်- ၅-၁၁-၂၀၁၃ ရက်မှ စတင်၍ ရုံးချိန်အတွင်း
၃။ တင်ဒါပိတ်မည့်ရက် - ၂၀-၁၁-၂၀၁၃ ရက် ညနေ ၁၅:၀၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်ထုတ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
ဓမ္မပါလကုန်းမြေ၊ မရမ်းကုန်းမြို့နယ် ဆက်သွယ်ရန်ဖုန်း-၀၁-၆၅၂၆၂၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရန်ကုန်မြို့မျက်စိရောဂါအထူးကုဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၁၁-၂၀၁၃ရက်(သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၉-၂၀၁၃ရက် ကြေးမုံသတင်းစာနှင့် ၂၉-၉-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာပါ “အများသိစေရန်ကြေညာချက်” တိုက်ခန်းအမည်ပြောင်းမှ အမှတ်(၂၂၇)အစား (၂၇၇)၊ ပထမထပ်(ဝဲ)၊ လမ်း(၄၀)၊ ကျောက်တံတားဟု ပြင်ဆင်ဖတ်ရှုပါရန်။

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပဲခူး နိုဝင်ဘာ ၄

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးကျော်၏လမ်းညွှန်မှုဖြင့် ဘုရားကြီးဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် အပေါ့စားမီးသတ်စက်များဖြင့် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒု-ဦးစီးမှူး (ဈေး)ဦးခိုင်လျှန်းထန်ဦးဆောင်၍ ဈေးတာဝန်ခံနှင့် ဈေးဝန်ထမ်းများ၊ ဈေးအကျိုးဆောင် အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများက အောက်တိုဘာ ၃၁ ရက်တွင် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။ **(၄၀၃)**

လယ်ယာမြေများအတွင်း ဖွင့်လှစ်ထားသော တရားမဝင်စက်သုံးဆီဆိုင်များ ဖျက်သိမ်းရန်အသိပေး

ပုသိမ်ကြီး နိုဝင်ဘာ ၄

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအုပ်စု မြစ်ငယ်-ထုံးဘိုဖြတ်လမ်း ထုံးဘိုကျေးရွာနှင့် နားချောင်းကျကျေးရွာများရှိ လယ်ယာမြေများတွင် ဖွင့်လှစ်ရောင်းချနေသော တရားမဝင်စက်သုံးဆီဆိုင်များကို နိုဝင်ဘာ ၁ ရက်က မန္တလေးခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး အရောင်းဆိုင်ပိုင်ရှင်များနှင့်တွေ့ဆုံကာ တရားမဝင်စက်သုံးဆီဆိုင်များ ဆက်လက်ဖွင့်လှစ်ခြင်းမပြုရန်နှင့် ဖျက်သိမ်းရန် ဆွေးနွေးအသိပေးခဲ့ကြောင်း သိရသည်။

မောင်စေတနာ(မန္တလေး)

ကုက္ကိုပင်ကြီး ကားလမ်းမပေါ်လဲကျ

တောင်ငူ နိုဝင်ဘာ ၄

တောင်ငူမြို့နယ် ကြံတောကျေးရွာ ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ် (၁၇၈/၆)အနီးတွင် အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီက ကားလမ်း၏အရှေ့ဘက်ခြမ်းရှိ ကုက္ကိုပင်ကြီးမှာလမ်းပေါ်သို့ လဲကျခဲ့ပြီး ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ကုက္ကိုပင်ကြီးကို ကျေးရွာသူ ကျေးရွာသားများက ချက်ချင်းရှင်းလင်းခဲ့ရာ နာရီဝက်ခန့်အကြာတွင် ရှင်းလင်းသွားပြီး မော်တော်ယာဉ်များပြန်လည်သွားလာနိုင်ကြောင်း သိရသည်။ သစ်ပင်ပြိုလဲမှုကြောင့် လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှုမရှိဘဲ ကြံတောရွာ (၇၅) ကေဗွီအေထရန်စဖော်မာမှ ကြံတောရွာအတွင်းသို့အဝင် မီးတိုင်တစ်တိုင် လဲကျခြင်း၊ မီးကြိုးများပြတ်တောက်ခြင်း၊ ကားလမ်းအရှေ့ဘက်ခြမ်းရှိ ဖုန်းကြိုးများ သစ်ပင်၏ပင်စည်ဖြင့် ပိခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ စစ်တောင်းမြစ်မှ လှိုင်းတက်လာသောရေများသည် ရန်ကုန်-မန္တလေး ကားလမ်းဘေးထိ ရောက်ရှိလာခြင်းကြောင့် ကုက္ကိုပင်လဲပြိုခြင်းဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ဘားအံတွင် ဟိုတယ်ဆိုင်ရာလုံခြုံရေးသင်တန်းဆင်း

ဘားအံ နိုဝင်ဘာ ၄

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ပနိုင်ငံများမှ လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားခရီးသည်များနှင့် ပြည်တွင်းဘုရားဖူးခရီးသည်များ၏ လုံခြုံရေးစိတ်ချရမှုသည် အရေးပါလာပြီဖြစ်ရာ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် လာရောက်တည်းခိုကြသော ခရီးသည်များလုံခြုံရေးအတွက် ဝန်ဆောင်မှုပေးနေသော ဝန်ထမ်းများလုံခြုံရေးအသိပိုမိုရရှိစေရန် ရည်ရွယ်လျက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဟိုတယ်လုံခြုံရေးဆိုင်ရာသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်နယ်မန်နေဂျာ ဦးသန်းထွဋ်ခိုင်က သင်တန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသား တိုက်ဂါးဟိုတယ်မန်နေဂျာ ဦးသန်းဝင်းက ဟိုတယ်ဆိုင်ရာ လုံခြုံရေးသင်တန်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြသည်။

အဆိုပါသင်တန်းသို့ ကရင်ပြည်နယ်ရှိ ဟိုတယ်များမှ ဝန်ထမ်းလေးဦး၊ စည်ပင်သာယာရေးအဖွဲ့မှ ငါးဦး၊ ကရင်ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ၃၀၊ စားသောက်ဆိုင်မှ ၂၅ ဦး စုစုပေါင်း ၁၀၁ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ လုံခြုံရေးကိစ္စရပ်များအပြင် နိုင်ငံနှင့် ပြည်သူလုံခြုံရေးဆိုင်ရာကိစ္စရပ်များအား အကျယ်တဝင့်ရှင်းလင်းပြောကြားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ကြံခင်း၌ မြို့နယ်လုံးကျွတ်လယ်ယာမြေ မှတ်ပုံတင်လက်မှတ် ပေးအပ်

ကြံခင်း နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် အောက်တိုဘာ ၂၈ ရက်က မြို့နယ်လုံးကျွတ်လယ်ယာမြေမှတ်ပုံတင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရီက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစိုးပိုင်က မြို့နယ်လုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပြီးစီးအောင်ဆောင်ရွက်ခဲ့ကြသော မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် မြို့နယ်မြေစာရင်းဌာန ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များကို ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်အောင်က လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်လုပ်ငန်းများနှင့် မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးပြီးစီးမှုအခြေအနေ၊ လယ်ယာမြေမှတ်ပုံတင်ကြေး ပေးသွင်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်ကျော်ညွန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လယ်ယာ မြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌများထံ ပေးအပ်ခဲ့ကြသည်။

ကြံခင်းမြို့နယ်အတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ပေးခဲ့သည့် ဦးပိုင်ပေါင်း ၂၅၃၀၄ ကို မှတ်ပုံတင်လက်မှတ်ပုံစံ (၇) များ ထုတ်ပေးပြီး တစ်ဦးလျှင် ကျပ် ၅၀၀ နှုန်း ဖြင့်ပေးသွင်းရမည့်လယ်ယာမြေမှတ်ပုံတင်ကြေး ကျပ် ၁၂၆၅၂၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ် ကြံခင်းဘဏ်ခွဲသို့ အောက်တိုဘာ ၂၃ ရက်က ပေးသွင်းပြီးဖြစ်ကြောင်း သိရသည်။

(မသူ-ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနလက်အောက်ရှိ စက်မှုနည်းပညာမြှင့်တင်ရေးသင်တန်းဌာန၊ စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းရှိ အလုပ်ရုံအမှတ်(၈)၌ BMC-110 စက်ထိုင်ရန် Foundation ပြုလုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

၂။ အောက်ပါအတိုင်းတင်ဒါလျှောက်လွှာပေးပို့ရန်ဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၁၁-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန် - ၁၅-၁၁-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀နာရီ

(ဂ) တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ - စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၄၀၄၄၅၅၊ ၄၀၄၅၁၁၊

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၈-၁၁-၂၀၁၃ရက် နံနက် ၁၀နာရီ (ရုံးချိန်အတွင်း)

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့.

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနလက်အောက်ရှိ စက်မှုနည်းပညာမြှင့်တင်ရေးသင်တန်းဌာန၊ စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းရှိ အလုပ်ရုံ(၉)လုံးတွင် ခို/ငှက် လုံဆန်ခါ(Wiremesh) များ တပ်ဆင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

၂။ အောက်ပါအတိုင်းတင်ဒါလျှောက်လွှာပေးပို့ရန်ဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၁၁-၂၀၁၃ရက်မှ ၁၅-၁၁-၂၀၁၃ရက်အထိ(ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန် - ၁၅-၁၁-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀နာရီ

(ဂ) တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ - စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)နေပြည်တော်။ ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၄၀၄၄၅၅၊ ၄၀၄၅၁၁၊ ၀၁-၆၆၇၃၄၀(ရန်ကုန်)

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၈-၁၁-၂၀၁၃ရက် နံနက် ၁၀နာရီ (ရုံးချိန်အတွင်း)

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့.

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၁/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-083(2013-2014)	Spare for CAT-D333C Lighting Set Engine	(11) Items	US$
(၂)	IFB-084(2013-2014)	Spare for Main Air Compressor, Oxygen Generator and Oxygen Compressor	(10) Items	US$
(၃)	IFB-085(2013-2014)	Roller Chains and Sprockets	(18) Items	US$
(၄)	IFB-086(2013-2014)	27/8”x6.5lb/ft J55 EUE Tubing	(5000)Mtr	US$
(၅)	IFB-087(2013-2014)	Bearings and Seals for PZ-7 Rig Pump Ex NAT 55/1 Drilling Rig	(6)Items	US$
(၆)	IFB-088(2013-2014)	Hydraulic Cathead and Hydraulic Cylinder	(5)Items	US$
(၇)	IFB-089(2013-2014)	Skid Mounted Single Pump Cementing Unit(With Engine Driven)	(1)Unit	US$
(၈)	IFB-090(2013-2014)	Welding Machine(400AMP)Mobile Type Diesel Engine Driven	(3)Units	US$
(၉)	IFB-091(2013-2014)	Portable Welding Machine & Accessories(200AMP DC)	(4)Units	US$
(၁၀)	IFB-092(2013-2014)	BOP Control Accumulator Unit	(1)Set	US$
(၁၁)	IFB-093(2013-2014)	6x8 R Mixing Pump	(3)Sets	US$
(၁၂)	IFB-094(2013-2014)	Stirred Fluid Loss Cell(Model-7120)	(1)Set	US$
(၁၃)	DMP/L-040(2013-2014)	Hydraulic Oil Light(Hol)	(270)Drums	Kyat
(၁၄)	DMP/L-041(2013-2014)	Gear Oil(PGO-140EP)(GL-5)	(300)Drums	Kyat
(၁၅)	DMP/L-042(2013-2014)	5 KW Diesel Engine Driven Generating Set(3)Sets & 5HP 3Phase Induction Motor(1)No	(2)Items	Kyat
(၁၆)	DMP/L-043(2013-2014)	Telephone Cable(3)Items & Cordless Telephone	(1)Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

သမိုင်းဝင် ရွှေနတ်ကူမြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်

ဖျာပုံ နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ ရှေးဟောင်းသမိုင်းဝင် ဧကန်ကျော်ကြား(၁၂၂၂ ခုနှစ်)တွင် တည်ထားကိုးကွယ်ခဲ့သည့် ရွှေနတ်ကူမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ယခင်နှစ်များကထက် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မသိုးသက်န်းရက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ညနေ ၆ နာရီတွင် သုဇိတာ စင်တော်၊ သုမာလာစင်တော်၊ သုစိတ္တာစင်တော်၊ သုနန္ဒာစင်တော်တို့တွင် ညတွင်းချင်းအပြီး ရက်လုပ်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နိုဝင်ဘာ ၁၇ ရက် (တန်ဆောင်မုန်းလပြည့်နေ့) အရုဏ်တက်ချိန်တွင် ရွှေနတ်ကူမြတ်စွာဘုရားကြီးနှင့် ဂန္ဓကုဋိတိုက်အတွင်းရှိ ဘုရားရုပ်ပွားတော် သုံးဆူတို့အား ကံစမ်းမဲပေါက်သူများက ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်သည်။

ဖျာပုံမြို့ မကျည်းဒါန်းရပ် အရပ်သူ အရပ်သားများမှ မျိုးရိုးစဉ်ဆက် ကပြခဲ့ပြီး နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိထားသည့် ဖျာပုံရာမဇာတ်တော်ကြီး **(အပေါ်ပုံ)**ကို နိုဝင်ဘာ ၁၈ ရက်မှ ၂၆ရက်(တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ ၉ ရက်)ထိ ကိုးညတိုင်တိုင် မိုးအလင်းကပြမည်ဖြစ်သည်။ ယခုနှစ်အထိ ရွှေနတ်ကူမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် ရာမဇာတ်တော် ကပြခဲ့သည်မှာ ၁၃၅ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။ ရာမဇာတ်တော် နှစ်စဉ်ကပြ ခြင်းဖြင့် ဖျာပုံမြို့တွင် ဘေးအန္တရာယ်များ ကင်းရှင်းစေသည်ဟု ရာမဇာတ်တော် မျိုးရိုးစဉ်ဆက် ကပြနေသည့် အဖွဲ့သူအဖွဲ့သားများနှင့်မြို့သူမြို့သားများကစွဲမှတ်ခံယူထားကြောင်းသိရသည်။

နိုဝင်ဘာ ၁၆ ရက်မှ ၂၆ ရက်အထိ ၁၁ ရက်ကြာ စည်ကားသိုက်မြိုက်စွာကျင်းပမည့် ရွှေနတ်ကူမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ဈေးဆိုင်ဖွင့်လှစ်ရောင်းချလိုသူများ၊ ချားရဟတ်နှင့် အခြားပျော်ပွဲရွှင်ပွဲ ထည့်သွင်းလိုသူများ အနေဖြင့် ရွှေနတ်ကူမြတ်စွာဘုရားကြီး ဘုရားပွဲတော်ကျင်းပရေးအဖွဲ့ထံ အချိန်မီကြိုတင်ဆက်သွယ်နိုင်ကြောင်း သိရသည်။

(အောင်ဝင်း-ဖျာပုံ)

မြတ်ကထိန်သင်္ကန်းလှူဒါန်းသည့်လ

မြန်မာတို့၏တန်ဆောင်မုန်းလသည် မြန်မာဆယ့်နှစ်လရာသီ၏ရှစ်လမြောက်လမြတ်အခါဖြစ်ပါပေသည်။ ဗြိတ္ထာရာသီသို့ဆင်းပြီး ရှေးဆရာတို့ကဆိုထားသော မိုးလေကင်းပတန်ဆောင်မုန်းလပင်ဖြစ်ပေသည်။ ခဝဲပန်းနှင့်မိတ်ဖက် မာလာပန်းတို့ ဝေဆာနေသောလဖြစ်သလို ခဝဲပန်းအဝါနှင့်သံဃာတော်တို့အား ကထိန်သင်္ကန်းလှူဒါန်းသောကြောင့် အဝါပေါ်အဝါဆင့်လို့ အလွန်မှကြည်နူးနှစ်သက်ဝမ်းမြောက်စရာလဖြစ်ပါသည်။ တံငါတာရာကွန့်မြူးသော လဖြစ်ပေတော့သည်။

ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်တို့၏ အထူးပြုကထိန်သင်္ကန်းလှူဒါန်းမှုဖြင့် ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်ခင်းသောလတစ်လလည်းဖြစ်ပေသည်။တစ်နည်းအားဖြင့် မြန်မာလူမျိုးတို့၏ရိုးရာယဉ်ကျေးမှုပွဲတော်လများအနက် ကထိန်သင်္ကန်းလှူဒါန်းမှုကိုအဓိကထားလှူဒါန်းကုသိုလ်ပြုကြသော ပွဲတော်လတစ်လလည်းဖြစ်ပေသည်။ ယင်းအလှူကားတခြားအလှူဒါနများနှင့် မတူလှပေ။ တစ်နှစ်တွင်တစ်ကြိမ်သာကျင်းပရပြီး တစ်ကျောင်းတိုက်လျှင် တစ်ခါသတ်မှတ်ထားသော သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှတန်ဆောင်မုန်းလပြည့်နေ့အထိ တစ်ခါသာကျင်းပရသောကြောင့် ဆောင်းအကူးလေပြည်ဖြူးကာဖြင့် ကောင်းကင်ယံဝယ်မိုးတိမ်သားတို့ကင်းစင်ကြကာ အချိန်အခါကောင်းနှင့်ကြုံဆုံရသော ဆောင်းဦးကာလ ကထိန်အလှူပွဲတော်ကို နှစ်စဉ်ကျင်းပကြမြဲဖြစ်ပါပေသည်။

စာဆိုရှင်စလေဦးပုညက ဤကဲ့သို့တန်ဆောင်မုန်းလကို တင်စားထားသည်ကိုတွေ့ရှိကြရပါပေမည်။ "မိုးဝသန် ချိန်ဆုံးလို့ တန်ဆောင်မုန်းဗြိတ္ထာ၊ ဖဝါးနှစ်စွန်းခါဝယ်၊ ကြတ္တိကာကြယ်မင်း၊ ခဝဲပွင့်မာလာငယ်၊ သည်ချိန်မှာမွှေးထုံ ပျံ့သင်း" ဆိုသောစကားနှင့်မိတ်ဖက်ပန်းများဖြစ်သည့် ခဝဲ၊ မာလာ၊ ကြာဖြူကြာနီ၊ ကြာညို၊ ပြည်ပန်းညို၊ သနပ်ခါး၊ တရုတ်စကားနှင့်နှင်းပန်းတို့ ပွင့်ချိန်ဖြစ်၍ ပန်းအလှများ၏မွှေးထုံသင်းပျံ့ကာ တန်ဆောင်မုန်းလ၏အလှကို ပို၍တင့်တယ်လှပစေပါတော့သည်။ အသက်ကြီးသူတို့သာမက လူငယ်များ၏သဘာဝ လွတ်လပ်စွာသွားလာလှုပ်ရှားကုသိုလ်ပြုကြသည့် ကထိန်ပဒေသာပင်အလှူပွဲတော်ကြီးတစ်ခုဟုလည်း ဆိုရပေမည်။

ကထိန်သင်္ကန်းဖြစ်ပေါ်လာရသည့် အကြောင်းရင်းမှာ ဂေါတမမြတ်စွာဘုရားသည် သာဝတ္ထိပြည်မွှန် အနာထပိဏ်သူဌေးကြီး၏ အရာမ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးမွေ့လျော်စံနေတော်မူစဉ် ကောသလမင်းကြီးနှင့်ညီနောင်များဖြစ်သည့် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည် ပါဝေယျတိုင်းမှ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ပူဇော်ရန်အလို့ငှာဖူးမြော်ရန် လာကြသောအခါ ခရီးလမ်းအကြားရှိ သာကေတမြို့တွင် ဝါကပ်တော်မူကြကုန်လေ၏။ သီတင်းဝါလကျွတ်၍ ဘုရားရှင်ရှေ့မှောက်တော်သို့ရောက်ကြလေသော် သင်္ကန်းတော်တို့မှာ ရွှံ့နွံနှင့်ရေများစိုစိုစွတ်စွတ်ဖြစ်နေကြသည်ကို ဘုရားရှင်မြင်တော်မူပြီး ရဟန်းတို့၏ပင်ပန်းဆင်းရဲမှု ညစ်ပေသောသင်္ကန်းတို့မှ သန့်ရှင်းစေမှုထောက်ရှု၍ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့အား အကြောင်းပြု၍ ကထိန်သင်္ကန်းခင်းလှူခြင်းကို ခွင့်ပြုခဲ့သည့်ကာလမှပင် စတင်ခဲ့ကြောင်း လေ့လာမှတ်သားတင်ပြရပါပေသည်။

ကထိန်ဆိုသည်မှာ မူလပါဠိစကားလုံးမှပျက်၍ ပြောဆိုလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤသို့ ကထိန်သင်္ကန်းလှူဒါန်းခြင်းကို ကောင်းမြတ်ပါပေ၏ဟု ပြောဆိုခြင်းပင်ဖြစ်ပါသည်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးမှ သံဃာတော်တို့အား လှူဒါန်းအပ်သော ကထိန်သင်္ကန်းအလှူသည် များမြတ်သောအကျိုးတရားရှိပေသည်။ များစွာသော ကောင်းကျိုးတရားတို့ကို ရရှိနိုင်ပေကြောင်း ချီးကျူးစကား မိန့်မှာထားခဲ့ကြောင်းကိုလည်း ကျမ်းဂန်တို့ဝယ် လေ့လာမှတ်သားတင်ပြရပါပေသည်။

ဘုရားမှာစိန်-ဘုရားတည်လျှင် စိန်ဖူးတော်တင်နိုင်မှသာ အမြတ်ဆုံး၊ ကျောင်းဆိုလျှင် သိမ်-ကျောင်းတော်တွင် သိမ်ရှိမှ တင့်တယ်သလို သင်္ကန်းတွင် ကထိန်ဆိုသည့်အတိုင်း သင်္ကန်းအလှူတွင် ကထိန်သင်္ကန်းအလှူကား ထူးမြတ်ပေကြောင်းတွေ့ရှိရပေသည်။ ကထိန်သင်္ကန်းလှူဒါန်းကြရာဝယ် လှူသူနှင့် အလှူခံသူတို့နှစ်ဦးနှစ်ဝ အကျိုးအာနိသင်ရှိကြပါကြောင်း၊ နည်းနာနိဿယကျဖို့လိုကြောင်း တွေ့မြင်ရပါသည်။ (ဥပမာ-မိမိလှူဒါန်းသည့်သင်္ကန်းဖြင့် ကထိန်မခင်းပါက သာမန်သင်္ကန်းအလှူမျှသာဖြစ်ပြီး ကထိန်သင်္ကန်းအလှူမမြောက်ပါကြောင်း၊ အလားတူ ကထိန်အလှူမြောက်ဖို့က ရဟန်းသံဃာတို့ဘက်ကလည်း ကထိန်အာနိသံသကို နားလည်ခြင်း၊ အင်္ဂါရှစ်ပါး၊ သင်္ကန်းသုံးထည်၊ ကိစ္စရှစ်ပါးတို့ကိုပါ သိထားပါက ကထိန်သင်္ကန်းအလှူမှာ ထိရောက်လေးနက်ပါကြောင်း လေ့လာမှတ်သားတွေ့ရှိကြရပါပေသည်။

သုံးမည်သောသင်္ကန်းတော်တို့ကို (တိစီဝရိတ်) သင်္ကန်းသုံးစုံမှာ သင်းပိုင်-အောက်ပိုင်းဝတ်သင်္ကန်း၊ ဧကသီ-ကိုယ်ရုံသင်္ကန်းနှင့် ဒုကုဋ်-ပခုံးတင်သင်္ကန်းတော်တို့ဖြစ်ကြောင်း စာပေကျမ်းဂန်တို့တွင် ရှင်းထားပါပေသည်။ ကထိန်သင်္ကန်းကို လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ရဟန်းသာမဏေ၊ သာမဏေမ သိက္ခာမာန်ဟူသော မြတ်စွာဘုရားရှင်၏အတူနေ တပည့်ငါးဦးတို့သည် တစ်ဦးဦးဖြစ်စေ ကထိန်သင်္ကန်းလှူဒါန်းနိုင်ကြောင်း၊ လှူဒါန်းကောင်းပေသည်ဟု သိရသည်။ အလှူရှင်တို့မှတ်သားထားရန်မှာ ယင်းခွင့်ပြုထားသော သင်္ကန်းသုံးထည်မှ မိမိကြိုက်နှစ်သက်ရာ တစ်ထည်တည်းကိုသာ ခင်းရပါမည်။ နှစ်ထည်သုံးထည် မခင်းရပါ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုလည်း ရည်ရွယ်ပြီးမခင်းအပ်။ သံဃိက အလှူဖြစ်မြောက်အောင်၊ သံဃိကအလှူစစ်စစ်ဖြစ်အောင် သံဃာတော်တို့ကိုသာရည်စူး၍ လှူဒါန်းရပါကြောင်း တွေ့ရှိရသည်။ အလေးအနက်ထားအပ်သော အလှူတော်မင်္ဂလာဖြစ်လာရပါပေသည်။ အကျိုးတရားများမှာ ပြောပြ၍ မကုန်နိုင်အောင် များမြောင်ကြီးမြတ်လှပါပေတော့သည်။

သာမန်သင်္ကန်းလှူဒါန်းသည်နှင့်မတူသည်မှာ ကထိန်သင်္ကန်းလှူသော ယောကျ်ားပုဂ္ဂိုလ်တို့သည် ဧဟိဘိက္ခုရဟန်းပြုရခြင်း၊ အလှူရှင်မိန်းမဖြစ်ပါက "မဟာလတာ" ဆင်မြန်းရကြောင်း၊ မဟာ-ကြီးမြတ်သော၊ လတာ-နွယ်ပန်းနှင့်တူသည့် အဆင်တန်ဆာ၊ ကြီးမြတ်၍ခြူးပန်းခြူးနွယ်အသွယ်သွယ်တို့ဖြင့် စီရင်အပ်သောတန်ဖိုးကိုးကုဋေတန် အလွန်လှပသည့်အဝတ်တန်ဆာတို့ကို ဆင်မြန်းရပါကြောင်းသိရသည်။ ဤကမ္ဘာဝယ် 'မဟာလတာ'တန်ဆာဆင်မြန်းရသော အမျိုးသမီးပုဂ္ဂိုလ်သုံးဦးတို့မှာ ပုဗ္ဗာရုံကျောင်းအလှူရှင် ဝိသာခါ ကျောင်းအမကြီး၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ နှင့် ဗာရာဏသီသူဌေးသမီး ဤသုံးဦးသာဝတ်ဆင်ကြရကြောင်း ကျမ်းဂန်ထောက်ရှုတင်ပြရပါပေသည်။

စာဆိုရှင် ဖိုးသူတော်ဦးမင်းက ဤသို့ဆိုထားပါလေသည်။ "လှူကထိန်သင်္ကန်းနှင့် မဂ်လမ်းတဲ့ဆုပန်ရွယ်၊ သည်အချိန်၊ ဝတ်မှုန်ကြဲလို့၊ ခဝဲရွှေညာရင်းမှာ သင်းရနံ့ကြွယ် ကောင်းကင်ဝယ်ဘုံဦး၊ ရွှေလစန္ဒာနှင့် ကြတ္တိကာကြယ်ရောင်ရွှန်းတယ်၊ ထွန်းထိန်လို့မြူး" စသည်ဖြင့် တန်ဆောင်မုန်းလကို ဖွဲ့နွဲ့ထားပါသည်။

မြတ်ကထိန်သင်္ကန်းလှူရသောအကျိုးမှာကား "ရွှေသို့အဆင်း၊ မြူကြေးကင်းကို၊ ရောင်ဝင်းစုံစွ၊ ထွန်းလင်းပစဉ်၊ မကသိန်းဖိုး၊ ပုဆိုးရလေ၊ ညိုရွှေဖြူနီ၊ ဤရှစ်လီသည် ကျမ်းညီသင်္ကန်း လှူကျိုးတည်း" ဟူ၍ ဆိုထားပေရာ ဤတန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာတို့၏ ထူးမြတ်ပေရာ ကထိန်သင်္ကန်းတော်မြတ်အား သဒ္ဓါရိုမြတ် လှူဒါန်းအပ်ရာ ထူးမြတ်ပေလှလတစ်လပင်ဖြစ်ပါပေတော့သတည်း။

ရွှေတိုင်လွင်

အစိုးရ / စီးပွားရေး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးအထူးအဖွဲ့(၈)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင်း လမ်းပေါ်ရှိ ဗန္ဓုလတံတားတွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းစာရင်း		အရေအတွက်	
၁။	ဘိလပ်မြေ	-	၃၄၅	တန်
၂။	သံချောင်းလုံး(ရွယ်စုံ)	-	၁၁၈	တန်
၃။	လေးမြို့မြစ်ခွဲကျောက် (¼ " ~ ¾")	-	၂၇၀	ကျင်း
၄။	ကမ်းတောင်းကြီးမြစ်သဲ	-	၁၃၈	ကျင်း
၅။	တောသစ်	-	၉၂	တန်

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၂-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၁၆-၁၁-၂၀၁၃ ရက်
တင်ဒါဖွင့်မည့်နေရာ - စီမံကိန်းရုံး(စွန်ရဲတံတား) မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်
တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၁၈-၁၁-၂၀၁၃ ရက်၊ မွန်းလွဲ ၁၃း၀၀နာရီ

၃။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်များကို
(က) ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ စွန်ရဲတံတားစီမံကိန်း၊ စွန်ရဲကျေးရွာ၊ မင်းပြားမြို့နယ်။
(ခ) လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)ရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မင်းပြားမြို့နယ် တို့တွင် ၂-၁၁-၂၀၁၃ ရက်မှစပြီး ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၉-၄၅၀၀၁၁၇၈၅



INVITATION FOR QUOTATION (IFQ)

THE DEPARTMENT OF RURAL DEVELOPMENT has received the Grant from the International Development Association for National Community Driven Development Project and wishes to purchase: Lot 1 Motorcycles 110-125cc (27 Units) for Kanpetlet Township in Chin State, Lot 2 Motorcycles 110-125 cc (21 Units) for Namhsan Township in Shan State, and Lot 3- Motorcycles 110-125cc (9 Units) for Kyunsu Township in Tanintharyi Region. The goods are required to be supplied within (3) three weeks from the date of issue of the Purchase Order. Interested qualified eligible suppliers are invited to obtain a copy of the Invitation for Quotation (IFQ) free of charge and further information can be obtained from the address given below:

U Myint Oo
Deputy Director General,
Department of Rural Development,
Ministry of Livestock, Fisheries and Rural Development,
Office No.14, Nay Pyi Taw, Myanmar

Telephone & Fax: +95 67 409413
Website: **www.drdmyanmar.org**
Email addresses: **drdmyanmar@gmail.com,kzaw.dda@gmail.com**

Quotations must be delivered to the address mentioned above or before November 30, 2013.

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဂရန်အမည်ပေါက် ၂ထပ် RC၊ ထောင့်ကွက်၊ ပေ(၄၂×၆၀)၊ ရုံးတော်ရပ်ကွက်၊ သန်လျင်

ဖုန်း-၀၉-၄၂၀၀၄၂၂၄၂၊ ၀၉-၄၂၁၁၅၁၃၄၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ် ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ စတုတ္ထ(၃)လ (၂၀၁၄ ခုနှစ် ဇန်နဝါရီလ မှ မတ်လ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

တိုက်ခန်းရောင်းမည်
(ပွဲစားမလို)

မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ပေ(၂၅×၅၀)၊ ပဉ္စမထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ အိပ်ခန်း(၂)ခန်း၊ မျက်နှာကြက် ဂျပ်ဆင်ဘုတ်ပါ၊ ပြင်ဆင်ပြီး အသင့်နေတိုက်ခန်းကျယ်။

(၅၉၅)သိန်း ဖုန်း-၀၉-၄၂၀၁၂၈၈၇၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အဆင့်မြင့်ပြင်ဆင်ထားသော ရုံးခန်း မြို့လယ်ကောင်၊ ကုန်သည်လမ်းပေါ်ရှိ Tower Lift, Line Phone ၄လုံး၊ ၅ Aircons၊ ကိုယ်ပိုင် ADSL internet, ၁၅၀၀ sqft, Office Furniture များပါ။

ဆက်သွယ်ရန်
ဖုန်း-၀၉-၇၃၁၅၄၇၉၀
(ရုံးချိန်အတွင်းသာ)

ဈေးနှုန်း ။ ။ 3500L (ညှိနှိုင်းမည်)

သတ္တုတွင်းဝန်ကြီးဌာနသို့ သက်တမ်းမရှိသည့် ကုမ္ပဏီများနှင့် ဌာနမှဆက်သွယ်မရသည့် ကုမ္ပဏီများက ရွှေပေးသွင်းရန် သတိပေးကြေညာချက်

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီများအနက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁ -၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်သို့ ရွှေပေးသွင်းရန် ကျန်ရှိပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် သက်တမ်းမရှိသည့် ကုမ္ပဏီများနှင့် ဌာနသို့ လုံးဝဆက်သွယ်ခြင်းမရှိသော ကုမ္ပဏီများ၊ ဌာနမှဆက်သွယ်ပြီး နောက် အကြောင်းပြန်ကြားခြင်းမရှိသော အောက်ဖော်ပြပါ ကုမ္ပဏီများသည် သတင်းစာတွင် ကြေညာပြီးနောက် (၇)ရက်အတွင်း ဌာနနှင့် ဆက်သွယ်ရန်နှင့် ဆက်သွယ်မှုမရှိပါက အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာ အဖွဲ့ဝင်များအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	ကုမ္ပဏီအမည်	အုပ်ချုပ်မှုဒါရိုက်တာအမည်	နိုင်ငံသားစိစစ်ရေးကက်အမှတ်
၁	သမုဒ္ဒရာနတ်သမီး	ဦးနေမျိုး	[၁၂/မရက(နိုင်)၀၂၀၈၄၃]
၂	မနောရတနာ	ဦးမြင့်ဇော်	[၉/မလန(နိုင်)၀၉၅၈၃၅]
၃	ထက်ဝေဖြိုး	ဦးအောင်လ	[၅/ကသန(နိုင်)၀၈၈၁၇၁]
၄	မြန်မာရွှေရတနာဟိန်း	ဦးမျိုးခင်	[၆/ထဝန(နိုင်)၀၂၉၉၇၇]
၅	ရွှေပင်လယ်နတ်သမီး	ဒေါ်မြမြဆင့်	[၆/ပလန(နိုင်)၀၀၁၈၆၃]
၆	ရွှေဝင်းဝါ	ဦးတင်ဌေး	[၁/မညန(နိုင်)၀၃၀၈၃၀]
၇	ဝင်းဝါရွှေစင်	ဦးမြင့်ရှောင်	[၁/မကန(နိုင်)၀၇၆၈၄၇]
၈	အံ့ဖွယ်ကမ္ဘာ	ဦးဇာနည်ထွန်း	[၁၂/ရကန(နိုင်)၀၅၉၁၄၄]
၉	ရွှေပြည်စံအောင်	ဦးစံလှမောင်	[၅/ဟမလ(နိုင်)၀၁၅၁၀၅]
၁၀	အောင်သုခလင်း	ဦးအောင်သန်းမြင့်	[၅/ဟမလ(နိုင်)၀၁၅၁၄၅]
၁၁	ရွှေကျော်ထွန်း	ဦးလူတင်	[၁/ကမန(နိုင်)၀၂၀၀၁၀]
၁၂	ရွှေသပြေမိုး	ဦးထွန်းကြည်	[၅/ဟမလ(နိုင်)၀၃၁၃၇၆]
၁၃	ထွန်းရန်နိုင်	ဦးရန်နိုင်	[၅/ဟမလ(နိုင်)၀၆၄၈၁၄]
၁၄	ဝင်းနှင့်ပြည့်ဖြိုး	ဦးခင်ကျော်	[၈/ထလန(နိုင်)၀၀၂၅၆၆]
၁၅	ရွှေသံတောင်မြောက်ပိုင်း	ဦးကိုကြီး	[၃/သတန(နိုင်)၀၀၀၀၀၁]
၁၆	ရွှေဘုန်းသစ်	ဦးတင်ဇော်လင်း	[၁၁/ကဖန(နိုင်)၀၃၄၆၁၄]
၁၇	စိန်ငွေရွှေ	ဦးစိန်မောင်	KME-257195
၁၈	နီလာနှင်းဆီ	ဒေါ်ဝင်းကြွယ်ကြွယ်	[၅/မရန(နိုင်)၀၅၈၁၀၅]
၁၉	ရွှေစစ်သည်	ဦးသိန်းနိုင်	[၉/စကန(နိုင်)၉၃၃၇၄၈]
၂၀	ရာသက်စံ	ဦးခင်ဇော်(ခ)ဦးခင်သော်	[၁၃/တခလ(နိုင်)၀၀၉၆၉၀]
၂၁	သိင်္ဂီအောင်	ဦးတင်ဝင်းလှိုင်	[၁၂/သဃက(နိုင်)၀၁၂၄၄၃]
၂၂	ကောင်းစက်မှုလက်မှု	ဦးသူရသိန်း	[၁၀/သထန(နိုင်)၀၁၃၁၈၈]
၂၃	ဇူလိုင်မိုး	ဦးအောင်မျိုးဝင်း	[၅/မရန(နိုင်)၀၅၇၄၉၀]
၂၄	စူးစမ်းလေ့လာ	ဦးအိုမာဖာရော	[၁၂/ဗဟန(နိုင်)၀၈၃၁၂၈]
၂၅	ဇေယျာလှိုင်	ဦးတင်ဝင်း	[၁/မညန(နိုင်)၀၆၂၀၁၄]
၂၆	ရွှေရအောင်ပြည့်	ဦးဆန်းဝင်း	[၉/ရမသ(နိုင်)၁၂၉၃၆၄]
၂၇	ဦးဝင်းမြင့်မိုင်းနင်း	ဦးဝင်းမြင့်	[၉/ရမသ(နိုင်)၀၇၀၆၁၇]
၂၈	အေးငြိမ်းမွန်	ဦးမြင့်ဝင်း	[၅/ယမပ(နိုင်)၀၂၃၂၇၇]
၂၉	အမြဲမှန်	ဦးခွန်ယု	[၁၂/ကမရ(နိုင်)၀၂၇၇၂၆]
၃၀	စိန်ဝါလင်း	ဦးစံလှ	[၉/ပသက(နိုင်)၀၃၀၁၇၄]
၃၁	ရွှေသီဟမြန်မာမိသားစု	ဦးစန်းနိုင်	[၉/သပက(နိုင်)၀၃၇၃၄၉]
၃၂	အောင်ရွှေငါး	ဒေါ်ရှောက်တောက်	[၉/မရမ(နိုင်)၀၇၈၂၁၂]
၃၃	ရွှေကွဲ	ဦးဇော်ဝင်း	[၂/လကန(နိုင်)၀၄၁၃၀၇]
၃၄	ခုနစ်ခုသောရာစုနှစ်	ဦးခွန်စည်သူသွင်	[၁၂/ဗဟန(နိုင်)၀၅၅၀၅၆]
၃၅	အောင်စစ်သွေး	ဦးခွန်စည်သူသွင်	[၁၂/ဗဟန(နိုင်)၀၅၅၀၅၆]

(နိုင်ငံတော်သို့ ရွှေပေးသွင်းရန် ကျန်ရှိသော အခြားကုမ္ပဏီများလည်း ဌာနနှင့် အမြန်ဆုံးဆက်သွယ်ကြပါရန်)



ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၈)၊ မြေကွက်အမှတ်(၄၈၁)၊ အမည်ပေါက် ဦးကျော်ဦး [၁၂/ဥကတ(နိုင်)၀၁၆၆၄၃]မှ မြေချပါမစ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက၊ ဤကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်းကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	HDPE Pipe & G.1 Pipe	1 Lot	မြန်မာကျပ်ငွေ
(ခ)	Submersible Pump အပါအဝင် မြေအောက်ရေလုပ်ငန်းသုံးပစ္စည်းများ	1 Lot	မြန်မာကျပ်ငွေ
(ဂ)	Drag Bit, Rock Bit & DTH Hammer&Button Bit	1 Lot	မြန်မာကျပ်ငွေ
(ဃ)	RG Water Drilling Rig Spare Parts	1 Lot	မြန်မာကျပ်ငွေ
(င)	Flexible Pipe	40 Nos	မြန်မာကျပ်ငွေ
(စ)	4"PVC Pipe	200 Nos	မြန်မာကျပ်ငွေ
(ဆ)	Red Oxide	4000 gals	မြန်မာကျပ်ငွေ

ပိတ်ရက်နှင့်အချိန် - ၂၀-၁၁-၂၀၁၃ (၁၅း၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (၁၁)ကြိမ်မြောက်မဟာဘုံကထိန်ဖိတ်ကြားခြင်း

(၁၁)ကြိမ်မြောက်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း(၈)ကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း(၈)ကျောင်းတို့အား ရည်စူးပြီး ၁၇-၁၁-၂၀၁၃ ရက် နံနက် ၉ နာရီတွင် တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းရှိ "အလိုတော်ပြည့်"ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ပါသည်။

သို့ပါ၍ ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့များနှင့် အခြားလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းနှင့်ဝတ္ထုငွေသားများကို ၁၅-၁၁-၂၀၁၃ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းနိုင်ပါသည်။ ၁၆-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ပဒေသာပင်များလှည့်လည်ပါမည်။ ၁၇-၁၁-၂၀၁၃ ရက် ကထိန်ပွဲတော်ကျင်းပသည့်နေ့ရက်တွင် ဇာတ်ကားရိုက်ကူးမှုများ နေ့တစ်ဝက်ရပ်နားထားပါရန်နှင့် ကထိန်ပွဲတော်သို့ မပျက်မကွက်ကြွရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော် နိုးဆော်ဖိတ်ကြားအပ်ပါသည်။

(၁၁)ကြိမ်မြောက်မဟာဘုံကထိန်ပွဲအကြိုတရားပွဲ

၁၅-၁၁-၂၀၁၃ ရက် ညနေ ၆း၃၀ နာရီတွင် ဆရာတော်အရှင်ဆေကိန္ဒမှ တရားဟောကြားမည်ဖြစ်ပါ၍ ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများ မည်သူမဆိုတရားနာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်ကြားစာမပို့ပါ) **မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Win & Brothers Co.,Ltd **တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် ဝန်ထမ်းများအလိုရှိပါသည်။**

1.**Sales Manager** **ကျား(၁)ဦး**

